# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 November 2024 ၁၁၆၃၇


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အများပြည်သူရုံးပိတ်ရက်များ မှားယွင်းဖော်ပြခဲ့သည့် ပြက္ခဒိန်များအား အသိပေးကြေညာခြင်း**

စာမျက်နှာ » ၇

**ဆောင်းရာသီကာလရောက်တိုင်း တောင်တန်းဒေသများကို အလှဆင်နေသည့် တောင်ဇလပ်ပန်းများအလှ ဝိုင်းဝန်းကာကွယ်**

ဆောင်းပါး စာမျက်နှာ » ၁၁

**တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်**

စာမျက်နှာ » ၁၂


## စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသီးနှံ နှမ်း ၃၉၉၂၈၇ ဧက ရိတ်သိမ်းပြီးစီး

မုံရွာ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ယခုနှစ်မိုးသီးနှံ နှမ်း ၄၃၃၈၅၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ ၃၉၉၂၈၇ ဧက ရိတ်သိမ်းပြီးစီးကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနှမ်းများ စိုက်ပျိုးရာတွင် အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❃




စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှမ်းစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။




ပြည်တွင်းဆီစက်များ ဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးနေကြသူများကို တွေ့ရစဉ်။

## ပြည်တွင်းဆီစက်လုပ်ငန်းရှင်များက တန်ဆောင်တိုင်ပွဲတော်အတွက် မြေပဲဆီများ လွတ်လပ်စွာရောင်းချပေး

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက ကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော်အတွက် ပြည်တွင်းဆီစက်များ ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရှေ့၌ ပြုလုပ်ရာ အများပြည်သူတို့က လွတ်လပ်စွာစိတ်ကြိုက်ဝယ်ယူကြသည်။

"အခုကကတော့ ပြည်တွင်းကထွက်တဲ့ မြေပဲဆီကို ပြည်သူတွေ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ဖို့ ရည်ရွယ်ပြီး ရောင်းချပေးခြင်းဖြစ်ပါတယ်။ အခုလိုရောင်းချပေးတာဆိုရင် မန္တလေးမှာ တစ်ကြိမ်၊ ရန်ကုန်မှာ သုံးကြိမ်ရှိပါပြီ။ ဈေးရောင်းပွဲတော်မှာဆို ဆီပိဿာချိန် ၆၀၀၀ ကျော်လောက်ကို နေ့စဉ်ရောင်းချပေးနိုင်ခဲ့ပါတယ်၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအနေနဲ့လည်း သက်သာတဲ့ဈေးနှုန်းတွေနဲ့ ပြည်သူတွေကို လစဉ်ရောင်းချပေးနိုင်အောင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကိုသင်ခန်းစာယူ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

ယခုရက်ပိုင်းအတွင်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍မိုးကြီးခြင်းများဖြစ်ပေါ်လျက်ရှိသည်။

မျက်မှောက်ကာလ ရာသီဥတုအခြေအနေအရ ဆောင်းရာသီကာလဖြစ်၍ အအေးဓာတ်များ ဝင်ရောက်နေချိန်တွင် ဖော်ပြပါအခြေအနေအရပ်ရပ်ကြောင့် မိုးသည်းထန်စွာရွာသွန်းသည့် ဖြစ်စဉ်များနှင့်ကြုံတွေ့နေသောကြောင့် အအေးဓာတ်နှင့် စွတ်စိုသည့် အခြေအနေများကို ကြုံတွေ့ခံစားနေကြရသည်။ အဆိုပါအခြေအနေသည် ပြည်သူများအတွက် ထူးထူးထွေထွေ အကြောင်းမရှိသော်လည်း ကမ္ဘာတစ်ခွင်နှင့် ပတ်ဝန်းကျင်တွင် ရာသီဥတုပြောင်းလဲမှုအခြေအနေများအရ ဖြစ်ပေါ်လာနိုင်သော မုန်တိုင်းအခြေအနေများနှင့် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေတို့ကြောင့် သဘာဝဘေးအန္တရာယ်တို့နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများကဲ့သို့ ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံး နိုင်ငံများစာရင်းထဲတွင်ပါဝင်နေသည်။ ယခုလတ်တလောတွင် မုတ်သုံကာလ လွန်မြောက်ပြီဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှရွေ့လျားလာသော လေပွေလှိုင်းများ၊ ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေနွေးများနှင့် တရုတ်နိုင်ငံမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိနေချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌တိုက်ခတ်သည့် တိုင်ဖွန်းမုန်တိုင်းရင်ရှင်း၏ သက်ရောက်လာနိုင်မှုများကို အထူးသတိပြုရမည်ဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်းရင်ရှင်းသည် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဦးတည်လျက်ရှိသည်ကို တွေ့ရသည်။ တိုင်ဖွန်းမုန်တိုင်းရင်ရှင်းလမ်းကြောင်းသည် ပြီးခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီနှင့်လမ်းကြောင်းတူနေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ရာဂီမုန်တိုင်း တိုက်ခတ်ခဲ့စဉ်က စက်တင်ဘာလ ၂ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ စက်တင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ဖြတ်ကျော်တိုက်ခတ်ခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းရာဂီ အဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်ဖြစ်ပေါ်နေချိန်နှင့်တိုက်ဆိုင်သဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးရေလျှံဘေးဒုက္ခများကို ခံစားခဲ့ရသည်။

ယခုဖြစ်စဉ်တွင်လည်း မြန်မာနိုင်ငံ၌ လေနွေးစီးကြောင်းနှင့် လေအေးစီးကြောင်းများ ထိတွေ့မှုကြောင့် မြန်မာနိုင်ငံအရပ်ရပ်၌ မိုးသည်းထန်စွာရွာသွန်းနေချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌တိုက်ခတ်သည့် တိုင်ဖွန်းမုန်တိုင်းရင်ရှင်းသည် ဗီယက်နမ်နိုင်ငံသို့ ဦးတည်သည့်ဖြစ်စဉ် အလားတူ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် လာမည့်ကာလများတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်မှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် နိုဝင်ဘာလ ၈ ရက်နေ့ကကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာ မိုးလေဝသခန့်မှန်းရေးဌာနများ၏ ထုတ်ပြန်ချက်များအရ နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း မိုးရွာသွန်းမြဲအောက်နှင့်ရွာသွန်းမှု အနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ယခင်ဖြစ်ပွားခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီ အဖျားခတ်သည့်ဖြစ်စဉ်မျိုး ထပ်မံမဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေဆောင်ရွက်ထားရန် အသိပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးသည်းထန်မှု များပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိနေသည့်အတွက် ယခင်ရာဂီမုန်တိုင်းကဲ့သို့ မိုးရေချိန်လက်မများလာပါက မြန်မာနိုင်ငံတွင် ထိခိုက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုအပ်သည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် မိုးလေဝသက ကြိုတင်အသိပေးထုတ်ပြန်ချက်များနှင့်အတူ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများမှ ပြောင်းရွှေ့နေထိုင်မည့်နေရာများ သတ်မှတ်ပေးခြင်း၊ ရေသန့်နှင့် အစားအသောက်၊ ဆေးဝါးများကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www.most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet.edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။ **နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm၊ http:// www.dast.gov.mm နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာချက်

၁။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၉-၁၁-၂၀၂၄ ရက်မှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website၊ သက်ဆိုင်ရာ တက္ကသိုလ်၏ Website နှင့် ကြော်ငြာသင်ပုန်းတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၁-၁၁-၂၀၂၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ တက္ကသိုလ်များတွင် ၁၄-၁၁-၂၀၂၄ ရက်မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၉-၁၁-၂၀၂၄

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၃၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆင်သေချောင်းပေါ်ရှိ ဥယျာဉ်တံတားအဝင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် နဝင်းချောင်းရေလမ်းကြောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းနံရံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ အတွင်း ဆင်သေချောင်းပေါ်ရှိ ဥယျာဉ်တံတားအဝင် ရေလမ်းကောင်းမွန်ရေး အရေးပေါ်ယာယီကာကွယ်ရေး လုပ်ငန်းများဖြစ်သော သောင်တူးလုပ်ငန်းနှင့် မျောရေကာတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းမကြီး၊ မိုင်တိုင်အမှတ် ၂၄၅/၇ နေရာရှိ နဝင်းချောင်း ရေကြီးရေလျှံမှု လျှော့ချရေး ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်း၊ သဲနုန်းတူးဖော်ခြင်း လုပ်ငန်းနှင့် ကမ်းထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများ၊ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု အင်းသာကျေးရွာ ဆင်သေချောင်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းအတွက် နှစ်အလိုက် မြေထိန်းနံရံတည်ဆောက်ထားမှု၊ ကွန်ကရစ်ဆူးတောင်များ ချထားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသော လုပ်ငန်းအချိန်ဇယား (Work Plan) အတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **စစ်ကိုင်းတိုင်းမှ**

နည်းပညာများ၊သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနှမ်းများကို တိုင်းဒေသကြီးအတွင်းရှိ မော်လိုက်ခရိုင်တွင် ဧက ၈၀၊ ကလေးခရိုင်တွင် ၄၂၀၈၈ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၀၉ ဧက၊ နာဂဒေသတွင် ၅၃၅ ဧက၊ မုံရွာခရိုင်တွင် ၁၁၁၁၈၉ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၈၈၄၃၄ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၃၁၅ ဧက၊ ရေဦးခရိုင်တွင် ၃၁၈၂၂ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၃၈၆၈ ဧက၊ ကသာခရိုင်တွင် ၁၂၆၇ ဧက စုစုပေါင်း ၄၃၃၈၅၆ ဧကကို မေလဆန်းမှ စတင်စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အချိန်အထိ ၃၉၉၂၈၇ ဧက ရိတ်သိမ်းနိုင်ခဲ့သည်။ တစ်ဧကပျမ်းမျှအထွက်နှုန်း ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် စုစုပေါင်း မိုးနှမ်းတင်းပေါင်း ၂၇၁၆၅၂၃ တင်း ထွက်ရှိကာ ကျန်ရှိမိုးနှမ်းများကို နိုဝင်ဘာလကုန်အထိ ဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**ပခုက္ကူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိပြည်သူများအား နိုဝင်ဘာ ၈ ရက်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦး ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းသူရမြင့်နှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ပခုက္ကူမြို့ အမှတ် (၁၊ ၉၊ ၁၀၊ ၁၃၊ ၁၄) ရပ်ကွက်များရှိ ပြည်သူများထံ ကွင်းဆင်း၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာရပ်များ၊ ရောဂါကူးစက်ဖြစ်ပွားစေသော အကြောင်းအရာများ၊ ရောဂါကူးစက်ပုံနည်းလမ်းများ၊ ရောဂါကူးစက်ခံနိုင်ခြေရှိသူများ၊ ရောဂါဝေဒနာခံစားရသူများတွင် တွေ့ရှိရသည့်လက္ခဏာများ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လိုက်နာရမည့် စည်းကမ်းချက်များ အကြောင်းတို့ကို အသိပညာပေးရှင်းလင်းဟောပြောကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာကပ်ထားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

❍ **ရွှေဖုံးမှ**

ကြိုးစားနေပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ အာရှသားဆီစက်ပိုင်ရှင် ဦးသန်းလွင်က ပြောသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဆီစက်လုပ်ငန်းရှင် ၁၀ ဦးက လာရောက်ရောင်းချပေးခြင်းဖြစ်ပြီး မြေပဲဆီ တစ်ပိဿာလျှင် ဆီဘူးအပါ ငွေကျပ် ၁၆၀၀၀၊ ၅၀ ကျပ်သားကိုဆီဘူးအပါ ငွေကျပ် ၈၀၀၀ ဖြင့် လိုသလောက် ရောင်းချပေးနေပြီး ဈေးရောင်းပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လွတ်လပ်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

■

# နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများနှင့် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံးအလှခတ်အဖွဲ့၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေး



**ရန်ကုန် နိုဝင်ဘာ ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်း အားကစားသမားများနှင့် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံးအလှခတ်အဖွဲ့များ ဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ် အားကစားခန်းမ၌ အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဖျော်ဖြေတင်ဆက်ကြမည့် မသန်စွမ်းအားကစား သမားများနှင့် နည်းပြများအား နွေးထွေးလှိုက်လှဲစွာဖြင့် တစ်ဦးချင်းစီ နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ မသန်စွမ်း အားကစားသမား ၁၄၂ ဦးနှင့် တွေ့ဆုံပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်မယ်များအနေဖြင့် မသန်သော်လည်း စွမ်းကြောင်းဖြင့် စိတ်ဓာတ်နှင့် စွမ်းဆောင်မှုအား ထုတ်ဖော်ပြခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ဘဝကို အရှုံးမပေးဘဲ မသန်သော်လည်း စွမ်းဆောင် နိုင်ကြောင်းကို အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံးက စိတ်ဝင်တစား ကြည့်ရှုနေကြမည့် ပရိသတ်များအား ပြသနိုင်တော့မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအားကစား သမားများအနေဖြင့် ပြိုင်ပွဲတွင် ကြိုးပမ်းအားထုတ်မှုတို့ကို ပြည်သူများက ဂုဏ်ယူစွာဖြင့် ကြည့်ရှုအားပေးနေမည်ဖြစ်၍ ကြိုးစားယှဉ်ပြိုင်မှုမှ မိမိတို့၏ စွမ်းရည်ကို အကောင်းဆုံး ပြသနိုင်ပါစေကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ အနုပညာရှင်များနှင့် မသန်စွမ်းအားကစားသမားများစုပေါင်း၍ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်" တေးသီချင်းဖြင့် အကတိုက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမသို့ရောက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးအောင်နှင့် အတွင်းရေးမှူးတို့က အဖွဲ့ချုပ်၏ သမိုင်းအကျဉ်း၊ မသန်စွမ်းမှုအမျိုးအစားများ၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ အစားအသောက်ကျွေးမွေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲတို့တွင် မသန်စွမ်းအားကစားသမားများ ပါဝင်ဖျော်ဖြေမည့် အစီအစဉ်တွင် စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ မသန်စွမ်းအားကစားသမားများကိုထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံရယူသည်။

**စကားသံ လွှင့်ပျံ့**

ထို့နောက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် စားရိပ်သာသို့ ရောက်ရှိပြီး အာဟာရသုံးဆောင်နေသော အားကစားသမားများအား ရင်းနှီးဖော်ရွေစွာ တွေ့ဆုံ အားပေးစကား ပြောကြားရာ အားကစားသမားတို့၏ မျက်ဝန်းတွင် ပြိုင်ပွဲအတွက် ခွန်အားပြည့်ဝသော စိတ်ဓာတ်၊ ဝမ်းသာကြည်နူးမှုနှင့် ပျော်ရွှင်သော စကားသံတို့သည် စားရိပ်သာအတွင်း လွှင့်ပျံ့ခဲ့သည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အားကစားအဖွဲ့သည် ပဥ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် အားကစားနည်းလေးမျိုးကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါ အားကစားနည်း လေးမျိုးတွင် ပြေးခုန်ပစ်၊ ဘော်လီဘော၊ စစ်တုရင်ပြိုင်ပွဲကို လယ်ဝေးမြို့ အားကစားကွင်းနှင့် ရေကူး အားကစားပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတို့တွင် ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၈ ရက်တို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြည်သူများ မသန်စွမ်းအားကစားသမားများ၏ စွမ်းဆောင်ရည်ကို လာရောက်ကြည့်ရှု အားပေးနိုင်သည့်အပြင် မသန်စွမ်းအားကစားသမားများ လေ့ကျင့်နေစဉ်အတွင်း၌ လာရောက်လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ရောက်ရှိရာ အမျိုးသားအားကစားပွဲတော်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတင်ဆက်သည့် "ထိုးကွင်းလေးနှင့် ခြင်းခတ်သူ" ရုပ်ရှင်တေးသီချင်းဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင် ခြောက်ဦးတို့၏ ဝိုင်းခြင်း၊ အလှခတ်၊ ကြိမ်ကွင်းနှင့် ပုလင်းပဒေသာ စသည့် သရုပ်ပြအလှပြကွက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ အမျိုးသား အားကစားပွဲတော်တွင် နောက်ခံတီးခတ်မည့် မြန်မာ့ဆိုင်းအဖွဲ့၏ တီးမှုတ်မှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**တိုက်ရိုက်ထုတ်လွှင့်ပြသမည်**

ထိုသို့ ကြည့်ရှုအားပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားများနှင့် ဝန်ကြီးဌာနများမှ အားကစားသမား ၈၀၀၀ အပါအဝင် ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ အမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပိုမိုခိုင်မာစေမည့် အမျိုးသားအားကစားပွဲတော်ကြီး ဖြစ်ပါကြောင်း၊ အမျိုးသားအားကစားပွဲတော်အား တစ်နိုင်ငံလုံးနှင့် တစ်ကမ္ဘာလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်၍ မြန်မာနိုင်ငံ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ နိုင်ငံကိုချစ်မြတ်နိုးမှုနှင့် အားကစားကို တန်ဖိုးထားမှုတို့ကို ပြသနိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့၌ ကျင်းပသော 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ China Media Group (CMG)မှ ဒုတိယအယ်ဒီတာချုပ်နှင့် CGTN အယ်ဒီတာချုပ် H.E Fan Yun၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E Chen Yijun နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် H.E Kem Gunawadh နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကသတင်းဌာနများမှ ဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ နန်နင်းမြို့ ကောင်စစ်ဝန်ရုံးမှ သံမှူး ဒေါ်ခိုင်ငြိမ်းစုတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ China Media Group မှ တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် သီးသန့်တွေ့ဆုံ၍ တရုတ်နိုင်ငံနှင့် မိမိတို့နိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ မီဒီယာကဏ္ဍသည် နိုင်ငံအသီးသီး၏ နယ်ပယ်စုံတွင် အရေးပါလျက်ရှိကြောင်း၊ မီဒီယာကြောင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် ကောင်းကျိုးများကို တည်ဆောက်နိုင်သကဲ့သို့ သတင်းတု၊ သတင်းမှားများနှင့် ကျင့်ဝတ်ချိုးဖောက်သော မီဒီယာများကြောင့် အချို့နိုင်ငံများမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

**မီဒီယာနယ်ပယ်ကြီးတစ်ခု ဖြစ်လာမည်**

မီဒီယာကွာဟချက်များကို လျှော့ချနိုင်ရေးနှင့် နည်းပညာမျှဝေခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအနေဖြင့် မီဒီယာကဏ္ဍကို စုပေါင်းလုပ်ကိုင်ပါက သတင်းများပျံ့နှံ့မှုအားကောင်းပြီး အင်အားကြီးမား၍ အရည်အသွေးပြည့်ဝသော မီဒီယာနယ်ပယ်ကြီးတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအချင်းချင်း




သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ပူးပေါင်းရိုက်ကူးခြင်းတို့ဖြင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုတိုးများလာမည်ဖြစ်ကြောင်း၊ ယနေ့ကဲ့သို့ ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာအပါအဝင် ကဏ္ဍစုံနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ယခုအခမ်းအနား၏ ရည်မှန်းချက်ဖြစ်သည့် New Quality , Coexistence, Civilization ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် အနာဂတ်ကိုဖော်ဆောင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းနှင့် ယနေ့တွင်တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ကွေ့လင်မြို့တစ်ဝိုက် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အမှုဆောင်အရာရှိချုပ်နှင့် ဌာနအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့မြို့နယ်များအတွင်း တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားခကြွေးကျန် အလွဲသုံးစားမှုများ မဖြစ်စေရေးနှင့် မီတာဖတ်ရှုမှုကို မှန်ကန်စွာဖတ်ရှုသွားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်/ မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက်ဓာတ်အားတိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခများ ကောက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲအကြို ကွင်းဆင်းဆေးကုသ

မိုင်းယောင်း နိုဝင်ဘာ ၉

(၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲအကြိုအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် တိုင်းရင်းဆေးကုဌာနသည် ယမန်နေ့က ဝမ်ဘိုးအုပ်စု ဖကျောက်ကျေးရွာ၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ဦးစွာ တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာအောင်နှင့် ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်အေးသစ္စာတို့က ကျန်းမာရေးနှင့် တိုင်းရင်းဆေးအကြောင်း သိကောင်းစရာကို ဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်နှင့် အငယ်တန်းစာရေး ဒေါ်နန်းမြတ်ဆုမွန်ဦးတို့က စာကြည့်တိုက်နှင့် စာအုပ်စာပေ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ MSME နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ ရေကြီးရေလျှံခြင်းမှ လျော့နည်းကင်းဝေးစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



တာချီလိတ် နိုဝင်ဘာ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို ဦးစားပေးအလိုက် သတ်မှတ်ပြီး ပညာရှင်များ ရေးဆွဲထားသည့် ရေကြီးရေလျှံခြင်းမှ လျော့နည်းကင်းဝေးစေရေး စီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်မြို့နယ်စုပေါင်းရုံးရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ပညာရှင်များ ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်း၊ ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က တာချီလိတ်မြို့ ရေကြီးရေလျှံမှုဖြစ်ရခြင်းအကြောင်းများ၊ ပြီးပြည့်စုံသော ရေနုတ်မြောင်းစနစ်၊ ရေနုတ်မြောင်းကွန်ရက်ပြင်ဆင် ရေးဆွဲခြင်းများ၊ ရေကာတာတမံများ အပြည့်အဝတည်ဆောက်ခြင်း၊ ရေကာတာတမံ၏ အဓိကအစိတ်အပိုင်းဖြစ်သော ရေထွက်ပေါက်များအား တစ်ချိန်တည်း တည်ဆောက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

# တီးတိန်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



တီးတိန် နိုဝင်ဘာ ၉

ချင်းပြည်နယ်တီးတိန်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တီးတိန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗီဒီယိုကလစ်အား ပြသသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့လယ်စာအတူတကွသုံးဆောင်ကြပြီး ဝန်ထမ်းများအား အမှတ်တရကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

**မိုးမိုး**

# ပွင့်ဖြူမြို့နယ်၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာအုပ်စု ကံလှကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကံလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးအား ငွေကျပ် ၃၆ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးအား ငွေကျပ် ၆ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးအား ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၁၀၅ ဦးအား ငွေကျပ် ၄၄ ဒသမ ၈၅ သန်းကို စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# စကားလက်ဆောင်

ချစ်နိုင် (စိတ်ပညာ)

**နိဒါန်း**

အစိုးရလခစားဝန်ထမ်းဘဝမှာ အသက် ၂၀ ကျော်စအရွယ်မှ နှစ်ပေါင်းလေးဆယ် အမှုထမ်းခဲ့ဖူးပါတယ်။ အပြစ်ပေးခံရခြင်း၊ သတိပေးခံရခြင်းစတဲ့ ပြစ်မှုပြစ်ဒဏ် ဘာမှမခံရဖူးအောင် စည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာခဲ့ပါတယ်။ ပေးအပ်လာတဲ့လုပ်ငန်းတာဝန်ကို အကောင်းဆုံးကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။ အသက်အရွယ်အရ ဘာတာဝန်မှမယူတော့ဘဲ အနားယူပါပြီ။ သို့တစေ ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေအချို့က စာရေးသူတစ်ယောက်အနေနဲ့ သူတို့ဆီက အရာရှိအဆင့်များကို လာရောက်စကားပြောပေးပါဦးဆိုရင် သွားပြောပါတယ်။ သိစေချင်တာကို။

စာရေးဆရာတစ်ယောက်အနေနဲ့ အနယ်နယ်အရပ်ရပ်က ဖိတ်ခေါ်လာသမျှ တောရောမြို့ပါ ရောက်အောင်သွားခဲ့ဖူးပါတယ်။ ကားနဲ့၊ ရထားနဲ့ ခရီးမျိုးတွေပါသလို၊ လှေနဲ့၊ နွားလှည်းနဲ့သာမက ခြေကျင်ကော၊ ဆိုင်ကယ်ကော သွားလာရတဲ့ဒေသတွေလည်း အစုံပေါ့။ လေယာဉ်နဲ့သွားခဲ့ရတာတွေလည်းရှိပါတယ်။ ကချင်ပြည်နယ်တို့၊ ရခိုင်ပြည်နယ်တို့ရယ် ရှမ်းအရှေ့၊ ရှမ်းတောင်စတဲ့ ဝေးလံတဲ့မြို့များဆီသို့ပါ။ မိမိနဲ့အတူတကွ ဟောပြောခဲ့ဖူးတဲ့ စာရေးဆရာ၊စာရေးဆရာမများကိုကကြီးကောင်းသန့်မှ အအက္ခရာအောင်သင်းအထိ အမည်စာရင်းအစဉ်လိုက် မှတ်တမ်းတင်ထားခဲ့ရာ ၁၄၀ ကျော် ၁၅၀ နီးပါး ရှိခဲ့ပါရဲ့။

**အကြိမ်ကြိမ်**

အတူဟောပြောဖူးတဲ့ စာရေးဆရာတွေ အရေအတွက်များလှချေလားဆိုရင် ကြွားတာတော့ မဟုတ်ပါဘူး။ ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာကြီးချစ်စံဝင်းတို့နဲ့အတူ ဟောပြောခဲ့ဖူးတဲ့ အကြိမ်များဆိုရင် တစ်ကြိမ်၊ နှစ်ကြိမ်မဟုတ်ပါ။ ၁၀ ကြိမ်၊ အကြိမ်၂၀ မကပါ။ နှစ်ပေါင်း ၂၀-၃၀ အတွင်း အကြိမ်ပေါင်းရာနဲ့ချီပြီး အနယ်နယ်အရပ်ရပ်ကို အတူသွားခဲ့ဖူးပါတယ်။

ဒါတွေဘာလို့ ပြောနေရတာလည်းဆိုရင် ဟောပြောပွဲပေါင်းများစွာ ဆရာကောင်းအမျိုးမျိုးဆီက မြင်ဆရာ၊ ကြားဆရာ လေ့လာမှတ်သားခဲ့ရတာမို့ ကျေးဇူးရှင်ဆရာသမားအပေါင်းကို ဂုဏ်ပြုဖော်ပြချင်လို့ပါ။ လူဆိုတာ အချိန်ကြာကြာပေါင်းမှ ကောင်းကြောင်းသိရတယ်။ ခရီးအတူတကွသွားဖူးမှ တော်ကြောင်းကို သိနိုင်ကြတယ်။

ဆရာ့ဆရာများထံမှ လေ့လာနည်းယူခဲ့ရသမျှ အဆီအနှစ်ကို ကောက်နုတ်ဖော်ပြပါရစေ။ ပရိသတ်ကိုဟောပြောရမယ်ဆိုရင် တိတိကျကျသေသေချာချာ ကြိုတင်ပြင်ဆင်ရပါမယ်။ အောက်ပါအချက် ၁၂ ချက်လောက်တော့ လုပ်ဆောင်သင့်ပါတယ်။

၁။ ကြိုတင်ပြင်ဆင်မှုများ
၂။ ကြိုတင်လေ့လာစုဆောင်းခြင်း
၃။ ဟောပြောမည့် ရည်ရွယ်ချက်
၄။ အကြောင်းအရာနှင့် ခေါင်းစဉ်
၅။ တင်ပြပုံတင်ပြနည်း
၆။ ပရိသတ်အမျိုးအစား
၇။ အခြေအနေ(မိုး၊ မြေ၊ ပတ်ဝန်းကျင်)
၈။ အချိန်အခါ
၉။ ထွက်ပေါ်လာမည့်အကျိုးဆက်
၁၀။ နောက်ဆက် လေ့လာတွေ့ရှိချက် (အကျိုး/အပြစ်)
၁၁။ ဆောင်ရန်၊ ရှောင်ရန်သင်ခန်းစာ
၁၂။ အချက်အလက်အသေးစိတ်ဖွဲ့စည်းခြင်း

စသည် .......စသည်။

❛ တကယ်တော့ ဟောပြောခြင်းအတတ်ပညာဆိုတာ ဇာတ်မင်းသား၊ လူရွှင်တော်၊ ဆိုင်းနောက်ထ၊ ဘိသိက်ဆရာ၊ စာဟောဆရာ၊ ကွက်စိပ်ဟောပြောသူများရဲ့ အခန်းကဏ္ဍနဲ့ အခြေအနေ၊ အရည်အသွေးချင်းတောင် တူညီကြတာမဟုတ်ဘူး။ အပြောကောင်းခြင်း၊ မကောင်းခြင်း၊ ဟောပြောပွဲတစ်ခုအောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုတာ အခြေအနေ ကွဲပြားမှုကော၊ ပရိသတ်အမျိုးမျိုးရဲ့ အခြေအနေမတူညီတာရော အဲဒါက အရင်းခံကျနေပါတယ်။ အဓိကအကျဆုံးကတော့ ဘယ်ပရိသတ်မျိုးကို ဘာရည်ရွယ်ချက်နဲ့ ပြောမှာလဲဆိုတဲ့အချက်က အရေးကြီးဆုံးပါပဲ။ ဟောပြောသူဘယ်လောက်တော်တော် အခြေအနေနဲ့၊ ပရိသတ်နဲ့ အကယ်၍ အံမကျရင် မအောင်မြင်မထိရောက်နိုင် ❜

**စနစ်**

စာရေးဆရာတိုင်း ယခုလို စနစ်တကျ ကြိုကြိုတင်တင် ရေးသားပြင်ဆင်ကြသလားဆိုရင်တော့ အများအားဖြင့် မပြုလုပ်ကြပါဘူး။ ဆရာကြီးအောင်သင်း၊ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၊ ဆရာမကြီး ဒေါက်တာမတင်ဝင်း စတဲ့ အချို့သောပုဂ္ဂိုလ်များကသာ မှတ်စုရေးသားလာပြီး ဟောပြောကြတာတွေ့ရပါတယ်။ အဲဒီလောက် အသေးစိတ်တိတိကျကျလုပ်ဖို့ဆိုတာ တွေ့ကြုံရတဲ့ပရိသတ်ကိုရင်ဆိုင်ပြောကြည့်မှ အတင်အချ၊ အတိုးအလျှော့ပြုပြင်ယူရတာက ရှိတတ်သေးတာမို့ အချို့ပွဲတွေမှာ မီးစင်ကြည့်ကကြရပါတယ်။ ဟောပြောသူအဖွဲ့ဝင်သုံးလေးယောက် ရှေ့နောက်စဉ်တာကအစ ရှေ့ဦးဆုံးတက်ရသူနဲ့ နောက်ဆုံးမှပြောတဲ့သူရဲ့ တာဝန်ချင်းက မတူကြပါဘူး။ အရင်ဦးဆုံးပြောရသူက အဖွင့်နိဒါန်းကောင်းရပါမယ်။ နောက်ဆုံးလူက နိဂုံးအဆုံးသတ်တာ ကောင်းရမှာဖြစ်ပါတယ်။ အစ၊ အလယ်၊ အဆုံးကောင်းအောင် တက်ညီလက်ညီ တာဝန်ကိုယ်စီရုန်းကြရတာပဲ။

ဟောခြင်း၊ ပြောခြင်းနဲ့ပတ်သက်လို့ အောက်ပါ စာရေးဆရာကြီးများရဲ့ ရေးသားချက်များ၊ ဘာသာပြန်များရှိခဲ့ကြပါတယ်။ စာကြည့်တိုက်များမှာ ရှာဖွေလေ့လာနိုင်ပါတယ်-

၁။ ပီမိုးနင်း
၂။ လှသမိန်
၃။ လယ်တွင်းသားစောချစ်
၄။ ဖေမြင့်
၅။ လူအောင်
၆။ မောင်ဗေဒါ
၇။ ဝေလွင်မောင် စသဖြင့် များများမရှိလှပါ။

How To Talk Public Speaking ဆိုတဲ့စာအုပ်စာတမ်းတွေ အင်္ဂလိပ်လိုတော့ အများကြီးရှိကြပါတယ်။ Rudolf Flesch ရေးတဲ့ “How to write,speak and think more effectively” ဆိုတဲ့ စာအုပ်မျိုးဟာ လူသိများတယ်။ လေ့ကျင့်ခန်းတွေလည်းပါတယ်။

တကယ်တော့ ဟောပြောခြင်းအတတ်ပညာဆိုတာ ဇာတ်မင်းသား၊ လူရွှင်တော်၊ ဆိုင်းနောက်ထ၊ ဘိသိက်ဆရာ၊စာဟောဆရာ၊ကွက်စိပ်ဟောပြောသူများရဲ့ အခန်းကဏ္ဍနဲ့ အခြေအနေ၊ အရည်အသွေးချင်းတောင် တူညီကြတာမဟုတ်ဘူး။ အပြောကောင်းခြင်း၊ မကောင်းခြင်း၊ ဟောပြောပွဲတစ်ခုအောင်မြင်ခြင်း၊မအောင်မြင်ခြင်းဆိုတာ အခြေအနေကွဲပြားမှုကော၊ ပရိသတ်အမျိုးမျိုးရဲ့ အခြေအနေမတူညီတာရော အဲဒါက အရင်းခံကျနေပါတယ်။ အဓိကအကျဆုံးကတော့ ဘယ်ပရိသတ်မျိုးကို ဘာရည်ရွယ်ချက်နဲ့ ပြောမှာလဲဆိုတဲ့အချက်က အရေးကြီးဆုံးပါပဲ။ ဟောပြောသူဘယ်လောက်တော်တော် အခြေအနေနဲ့၊ ပရိသတ်နဲ့ အကယ်၍ အံမကျရင် မအောင်မြင်မထိရောက်နိုင်ဘူး။

ဒီနေရာမှာတော့ နမူနာစာကြမ်း(Out Line) စုဆောင်းပြင်ဆင်ရာမှာ ကြိုတင်စဉ်းစားပြင်ဆင်လေ့ရှိတဲ့ စာရေးသူရဲ့ ဆောင်ရွက်စဉ်ပြင်ဆင်ပုံလေးပဲတင်ပြချင်ပါတယ်။

“ရည်မှန်းချက်ထား အမြဲကြိုးစား”
“လူငယ်နဲ့အနာဂတ်”
“အားတင်းထား”
“ပစ်တိုင်းထောင်
“ဣဒ္ဓိပါဒ်လေးပါး”

ဒီခေါင်းစဉ်မျိုးတွေကို စာရေးသူက နှစ်ပေါင်းအစိတ်၊ သုံးဆယ် လှည့်လည်ဟောပြောခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ် နာဂစ်မုန်တိုင်းအန္တရာယ်ထိခိုက်ပြီး ပြည်သူလူထုများစွာ အသက်ဆုံးရှုံးခဲ့ရတဲ့ မြို့နယ်တွေကို မိမိတို့စိတ်ဓာတ်မြှင့်တင်ရေးအားပေးရန် ပရဟိတလုပ်ငန်းတာဝန်အနေနဲ့ စိတ်ဆင်းရဲပူလောင် ညှိုးချုံးနေကြရှာတဲ့ မုန်တိုင်းဒဏ်သင့် ရွာသူရွာသားတွေနဲ့ ထိတွေ့ဟောပြောပွဲတွေဟာ ဘဝတစ်သက်တာ မမေ့နိုင်စရာတွေပါပဲ။ ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာကြီးအိကြာကွေး၊ ဆရာနှမ်ဂျာသိုင်း စတဲ့စာရေးဆရာတွေနဲ့ တစ်ရွာဝင်တစ်ရွာထွက် စက်လှေလေးနဲ့သွားခဲ့ကြ။

ဒီတာဝန်တွေကို ဘယ်သူကမှ ပေးတာလည်း မဟုတ်ဘူး။ ဘယ်အုပ်ချုပ်သူ၊ ဘယ်အလှူရှင်၊ ဘယ်စပွန်ဆာမှ ရှိခဲ့တာလည်းမဟုတ်ဘူး။ ဒေသခံပြည်သူတွေကပဲ စာဖတ်ပရိသတ်ထဲက ဖုန်းဆက်အကူအညီတောင်းလို့ မိမိတို့ခရီးစဉ်ရေးဆွဲ။ (သက်ဆိုင်ရာ ထွေအုပ်တွေကိုတော့ အသိပေးတင်ပြတာပေါ့။) ဦးတင်လှိုင်ကလည်း ထွေအုပ်တိုင်းမင်းကြီး(အငြိမ်းစား)၊ မိမိလည်း ညွှန်ချုပ်(အငြိမ်းစား)နိုင်ငံ့ဝန်ထမ်းဟောင်းတွေမို့ လုံခြုံရေး၊ စီမံရေးသဘောတွေနားလည်ပါတယ်။ ဆက်သွယ်ညှိနှိုင်းပြီးမှ ကိုယ့်စေတနာအရ သွားရောက်လှည့်လည်ဟောပြောခဲ့ကြတာပါပဲ။ ပင်ပန်းဆင်းရဲ။

မုန်တိုင်းစဲသွားပေမယ့် စိတ်ထဲမှာဒဏ်ရာဒဏ်ချက်တွေ ပြင်းထန်စွာနဲ့ မသေဘဲကျန်ရစ်ခဲ့ကြသူတွေကို “ဗေဒါပျံ အံကိုခဲ၊ ပန်းပန်လျက်ပဲ”လို့ အံကြိတ်ပြီး အားတင်းနိုင်အောင် မိမိတို့စာရေးဆရာအချို့ဟာ စိတ်ဓာတ်ခွန်အားဖြည့်တင်းဖို့ရာ အချိန်တော်တော်များများပေးပြီး အလေးထားကာ လုပ်ဆောင်ခဲ့ပါတယ်။ ဘယ်သူဘယ်ဝါက အသိအမှတ်ပြုပြုမပြုပြု၊ မှတ်တမ်းတင်တင်၊ မတင်တင် ဘာမှအရေးမကြီးပါ။ ပြီးခဲ့တာလည်း ပြီးပါပြီ။ စာရေးဆရာဆိုတာ ရယူခြင်းထက် ပေးဆပ်ခြင်းမှာ ပိုမိုပျော်ပိုက်တတ်တဲ့ လူစားတွေ မဟုတ်လား။ ငွေကြေးမချမ်းသာပေမယ့် စေတနာနဲ့ စာပေပညာတော့ အတန်အသင့်ကြွယ်ဝကြပေတာပဲ။ တာဝန်သိစိတ်။

**ကြည်နူးရ**

နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်၊ ကိုယ်လုပ်ကိုင်နိုင်သလောက် လုပ်အားပေး တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့တဲ့ အတွေ့အကြုံဟာ နှစ်ကာလ ၂၀ လောက်ကြာတဲ့အခါပြန်တွေးမိတိုင်း ကြည်နူးကျေနပ်ဖွယ်ရာ ခံစားရပါတယ်။

စာရေးသူက စာရေးရာမှာ လူငယ်ပရိသတ်ကို ဦးတည်ပြီးရေးနေတာမို့ ယခု ၂၁ ရာစုဟာ ၂၀ ရာစု၊ ၁၉ ရာစု အတိတ်ကာလနဲ့ သိပ်မဝေးသေးဘူးလို့ ထင်စရာရှိပေမယ့် ကမ္ဘာနဲ့ချီပြီး သိပ္ပံနဲ့နည်းပညာဆိုင်ရာ ပြောင်းလဲမှု၊ နိုင်ငံတကာစီးပွားရေး၊ စစ်ရေးနဲ့ နိုင်ငံရေး အားပြိုင်လွန်ဆွဲမှုတွေဟာ အချိုးအကွေ့ အတက်အကျတွေနဲ့ လျင်လျင်မြန်မြန်၊ သွက်သွက်လက်လက် ပြောင်းလဲမှုတွေ(မျက်လှည့်ပြသလိုပဲ) အင်မတန်ပဲမြန်ဆန်လွန်းနေတာပါ။

မှန်တာပြောရရင် မိမိတို့ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးနားချင်းနိုင်ငံများရဲ့ အရှိန်အဟုန်တွေကြားမှာ အကြောင်းအမျိုးမျိုးနဲ့(ဟိုလူ့လက်ညှိုးထိုးလိုက်၊ ဒီလူ့လက်ညှိုးထိုးလိုက်နဲ့ ဘယ်သူမှအကျိုးမရှိဘဲ သဘောထားကွဲလွဲ) စည်းလုံးညီညွတ်မှုပြိုကွဲ၊ ကလေးတွေရန်ဖြစ်သလိုပဲ ခေတ်နောက်ကျကျန်ရစ်နေခဲ့တာကို မိမိအဖြစ်ကို မိမိ သတိမပြုမိခဲ့ကြဘဲ ဖြစ်နေပါတယ်။

ဗဟုသုတလေ့လာဆည်းပူးမှုများ အားနည်းခဲ့။

**နိုးထကြပါ**

ပထမဦးဆုံးလုပ်ကြရမှာကတော့ မိမိကိုယ်ကို ဘက်ပေါင်းစုံက မြှင့်တင်ကြဖို့လိုနေပါတယ်။

ကလေးတွေကိုပြောလို့ မထိရောက်ပါ။

တာဝန်ရှိသူအစစ်အမှန်က မိဘနဲ့ဆရာဆိုတဲ့ လူတွေကို မျက်စိဖွင့်၊ ဗဟုသုတပြည့်ဝအောင် သတင်းစာလေး၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုလေး လောက်ကြည့်ကြ၊ ဖတ်ကြဖို့ အဓိကဆွဲဆောင်တိုက်တွန်းရမှာပါ။

အနာဂတ်ကိုပိုင်စိုးကြမယ့် နောင်တစ်ခေတ်အတွက် လူငယ်တွေကို ရွှေချကြပါလို့ ဆရာကြီးအောင်သင်း စတဲ့ စာရေးဆရာများက ဘယ်လိုပဲ ရေးရေး၊ ဟောဟော။ အများစုက စာလည်းမဖတ်၊ ဟောပြောပွဲလည်း ဂရုမစိုက်။ နှမျောစရာအဟောသိကံ။

လူငယ်တွေစာဖတ်စေချင်ရင် ဆရာ ဆရာမနဲ့ မိခင်ဖခင်တွေက ဘယ်စာ၊ဘယ်သူရေးတဲ့ဘယ်စာအုပ်ဆိုတာ ရွေးချယ်ညွှန်ပြတတ်အောင် အရင်ဖတ်ကြရပါမယ်။ မိဘအရွယ် အသက် ၃၀ မှ ၅၀ လောက် နိုင်ငံသူ နိုင်ငံသားများက မိမိရဲ့တပည့်သားသမီးများကို ဖုန်းပွတ်တာလည်းပွတ်ပေါ့(ဘာပွတ်နေလဲသိအောင်တော့ စစ်ဦးနော်)အရည်အသွေးပြည့်ဝတဲ့ အနာဂတ်ကို ပိုင်စိုးသူများဖြစ်အောင် မိမိကိုယ်ကို မြှင့်တင်ကြပါစို့လို့ စာရေးသူက တပ်လှန့်နှိုးဆော်ချင်ပါတယ်ခင်ဗျား- ကြားနိုင်ကြပါစေ။

ကျည်ဆန်ရထားလို အရှိန်ပြင်းပြင်းပြေးနေတဲ့ ခေတ်ပြောင်းနေခြင်းကို မီအောင်လိုက်နိုင်ဖို့ လိုနေပြီ။ ။

❛ လူငယ်တွေစာဖတ်စေချင်ရင် ဆရာ ဆရာမနဲ့ မိခင် ဖခင်တွေက ဘယ်စာ၊ ဘယ်သူရေးတဲ့ ဘယ်စာအုပ်ဆိုတာ ရွေးချယ်ညွှန်ပြတတ်အောင် အရင်ဖတ်ကြရပါမယ်။ မိဘအရွယ် အသက် ၃၀ မှ ၅၀ လောက် နိုင်ငံသူ နိုင်ငံသားများက မိမိရဲ့တပည့်သားသမီးများကို ဖုန်းပွတ်တာလည်းပွတ်ပေါ့(ဘာပွတ်နေလဲသိအောင်တော့ စစ်ဦးနော်)အရည်အသွေးပြည့်ဝတဲ့ အနာဂတ်ကို ပိုင်စိုးသူများဖြစ်အောင် မိမိကိုယ်ကို မြှင့်တင်ကြပါစို့လို့ စာရေးသူက တပ်လှန့်နှိုးဆော်ချင် ❜

# အများပြည်သူရုံးပိတ်ရက်များ မှားယွင်းဖော်ပြခဲ့သည့် ပြက္ခဒိန်များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွက် ထုတ်ဝေထားသော အောက်ဖော်ပြပါ ပြက္ခဒိန်များသည် အများပြည်သူရုံးပိတ်ရက်များကို မှားယွင်းဖော်ပြထားကြောင်း တွေ့ရှိရပါသည်-

| စဉ် | ထုတ်ဝေသူအမည် | ပြက္ခဒိန်အမည် | မှားယွင်းဖော်ပြမှု |
|---|---|---|---|
| (က) | ဦးမောင်မောင်လှ (ရွှေနိုင်ငံပိုစတာနှင့် စာပေဖြန့်ချိရေး) | ၂၀၂၄ ခုနှစ်၊ ရွှေနိုင်ငံပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| ( ခ ) | ဦးလှဝင်း (ရွှေဝါဝင်းစာပေ) | ၂၀၂၄ ခုနှစ်၊ စန်းမြမြ တရုတ်-အင်္ဂလိပ်-မြန်မာ သုံးဘာသာပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| ( ဂ ) | ဦးလှဝင်း (ရွှေဝါဝင်းစာပေ) | ၂၀၂၄ ခုနှစ်၊ ရွှေနှစ်သစ်ပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ဃ) | ဦးအောင်မျိုးသန့် (အောင်မျိုးစာပေ) | ၂၀၂၄ ခုနှစ်၊ ဝေဒိကပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| ( င ) | ဦးအောင်မျိုးသန့် (အောင်မျိုးစာပေ) | ၂၀၂၄ ခုနှစ်၊ ရှေးဟောင်း သမိုင်းဝင်မွေတော်ကက္ကူ ဘုရားပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| ( စ ) | ဦးမိုဟာမက်ဆာလာဟူဒင် (အစ္စလာမ့်မီးအိမ်စာပေတိုက်) | ၂၀၂၄ ခုနှစ်၊ အစ္စလာမ့်မီးအိမ် ပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ဆ) | ဦးချစ်ဆွေ (မြတ်သဇင်စာပေ) | ၂၀၂၅ ခုနှစ်၊ ရွှေပြည်သာမြို့နယ် အစ္စလာမ်ဘာသာရေးအကျိုးဆောင်အဖွဲ့၊ မြို့နယ်မွတ်စလင် သာရေး၊ နာရေး အသင်းပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ |
| ( ဇ ) | ဦးချစ်ဆွေ (မြတ်သဇင်စာပေ) | ၂၀၂၅ ခုနှစ်၊ ဟဂ္ဂျ်နှင့်အွမ်မ့် ရာဟ် ခရီးသွားလမ်းညွှန် အစ္စလာမ်ဘာသာရေး ပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် |
| ( ဈ ) | ဦးမျိုးသိန်း (ဆွေမဟာစာပေ) | ၂၀၂၅ ခုနှစ်၊ အောင်မဟာ မင်္ဂလာအခါပေးဗေဒင် ပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နှင့် ဒီဇင်ဘာလ ၂၉ ရက် |

၂။ ထိုကဲ့သို့ မှားယွင်းဖော်ပြထားသော ထုတ်ဝေသူများဖြစ်သည့် ဦးမောင်မောင်လှ (ရွှေနိုင်ငံပိုစတာနှင့် စာပေဖြန့်ချိရေး)၊ ဦးလှဝင်း(ရွှေဝါဝင်းစာပေ)၊ ဦးအောင်မျိုးသန့် (အောင်မျိုးစာပေ)၊ ဦးမိုဟာမက် ဆာလာဟူဒင် (အစ္စလာမ့်မီးအိမ်စာပေတိုက်)၊ ဦးချစ်ဆွေ(မြတ်သဇင်စာပေ)၊ ဦးမျိုးသိန်း (ဆွေမဟာစာပေ)တို့အား အများပြည်သူတို့၏ ရုံးပိတ်ရက်များကို မှန်ကန်စွာဖော်ပြထုတ်ဝေရန် ခေါ်ယူသတိပေးမှတ်တမ်း တင်၍ ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၊ ဒီဇင်ဘာလ ၄ ရက်နေ့၊ စက်တင်ဘာလ ၂၉ ရက်နှင့် ဒီဇင်ဘာလ ၂၉ ရက်နေ့များသည် အများပြည်သူတို့၏ ရုံးပိတ်ရက် မဟုတ်ပါကြောင်းနှင့် ပြက္ခဒိန်ထုတ်ဝေသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ပါ ရုံးပိတ်ရက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သော အများပြည်သူတို့၏ ရုံးပိတ်ရက်များ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့်ပြက္ခဒိန်ပါ အများပြည်သူတို့၏ ရုံးပိတ်ရက်များအတိုင်း ဖော်ပြထုတ်ဝေရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ငါးလွှတ်ပွဲကျင်းပ

**မိုးညို နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက (၁၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဇီဝိတဒါနငါးလွှတ်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။



အဆိုပါငါးလွှတ်ပွဲကို မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာ အုပ်စုရှိ နဒီရောဆိပ်ကမ်း ရေပြင်အတွင်းသို့ ငါးမြစ်ချင်းနှင့် ငါးခုံးမကောင်ရေ ၅၀၀၀ တို့အား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## ထားဝယ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၉**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ် (၄) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပသည်။



### ကြည့်ရှုအားပေး

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနပိုင် GW .11 စပါးမျိုးအား ရိတ်သိမ်းခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်သူများက ကြည့်ရှုအားပေးသည်။

ထိုသို့စပါးမျိုးအား ရိတ်သိမ်းခဲ့ရာ အစိုဓာတ် ၁၈ ဒသမ ၃ ရာခိုင်နှုန်းရှိ၍ နို့ဆီဘူး ၁၉ ဘူး၊ အစိုအထွက်တင်း တစ်ဧက ၁၄၈ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဧရာဝတီမြစ်ကမ်းပါး သဲသောင်ခုံပေါ်၌ ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့သည် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၊ ကြက်ပေါင်ခြံရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ သီတာရပ်ကွက်၊ စီတာပူရပ်ကွက်နှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များ ကောက်ယူခြင်းစသည့် လုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သန့်ရှင်းရေးလုပ်ငန်း လုပ်အားပေးဆောင်ရွက်သူများအား ချီးမြှင့်ထောက်ပံ့ခဲ့ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါ ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက်ရှိ သဲသောင်ခုံပေါ်၌ သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်လာစေရေး၊ အများပြည်သူ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ကမ်းပါးသဲသောင်ခုံပေါ်ရှိ မြေဧက ၂၄ ဧကကျော်ရှိသည့်အနက် ထွန်ယက်ပြီး မြေဧက ၁၇ ဧကပေါ်တွင် ပန်းနှမ်းနှင့် ဆီမုန်ညင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုနှင့် အပင်ပေါက်များဖြင့် ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းသို့သွားရောက်ပြီး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့်တွေ့ဆုံ၍ ဖြည့်စွက်စာများ၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ အားကစားနည်းအလိုက် လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေး သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ရွာကွင်း ၁၆၁၉ တွင် ပြုလုပ်သည့် ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်စပါးခင်းများအား ရွက်ဖျန်းအားဆေး ထောက်ပံ့ခြင်းနှင့် စပါးမျိုး ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တောင်သူများအား ရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စပါးမျိုး ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ ဒက္ခိဏသီရိမြို့နယ် အသေးစား၊ အလတ်စားစက်မှုဇုန်ရှိ Myanmar Kaido Co.,Ltd. မှ မြေတူးစက်သုံးဂေါ်ပြားများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ပြင်ဆင် တပ်ဆင်သည့် အလုပ်ရုံသို့သွားရောက်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက်နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်ရေးအတွက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသော တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာဉ်/စက်/ ယန္တရားများနှင့် လိုအပ်သည့်ပစ္စည်းများကို အသင့်ပြင်ဆင်စုဖွဲ့ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ဆောင်းသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် စစ်တွေမြို့ အကျဉ်းဦးစီးဌာန စိုက်ကွင်း၌ ကျင်းပသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းနှင့် ဆောင်းသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါး ၁၀၀၅၉၈၉ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ၈၇၂၅၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်အပေါ် ၈၆ ဒသမ ၇၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးစပါးအထွက်နှုန်းကို အနီးစပ်ဆုံး ခန့်မှန်းနိုင်မှသာ ထုတ်လုပ်မှုတန်ဖိုးများ တွက်ချက်ရာတွင် မှန်ကန်သောစာရင်းဇယားများကို ရရှိမည်ဖြစ်ကြောင်း၊ စစ်တွေမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါး ၂၂၀၀၈ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ လတ်တလော အခြေအနေအရ ၈၅၃၈ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးပြီး မိုးစပါး အထွက်နှုန်းကို မှတ်တမ်းတင်နိုင်ရန် အနီးစပ်ဆုံးအထွက်နှုန်းကို ခန့်မှန်းနိုင်ရန်အတွက် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို သက်ဆိုင်ရာဌာနများက ကိုယ်စားပြုကေများအလိုက် စံကွက်များရိတ်သိမ်းပြီး မြို့နယ်၏ အထွက်နှုန်းကို မှတ်တမ်းတင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မျိုးစေ့များ ခင်းကျင်း ပြသထားမှုကို လှည့်လည်ကြည့်ရှုပြီး ဒေသခံ တောင်သူများအား စိုက်ပျိုးမည့် ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် စံကွက်ရိတ်သိမ်းခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးထားသည့် YSR-1 စပါးမျိုးသစ်စိုက်ခင်းသုည ဒသမ ၁၀ ဧကတွင် တစ်ဧကလျှင် အစို ၁၀၀ ဒသမ ၇၉ တင်းနှုန်း၊ အခြောက် ၉၇ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်သူများ ကြက်သွန်ပျိုးများ စတင်ပျိုးထောင်

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီစိုက်ပျိုးရန် စတင်ပျိုးထောင်လျက်ရှိသည်။

ကြက်သွန်နီပျိုးစေ့ စတင်ပျိုးထောင်ချိန်တွင် အလွန်ဂရုစိုက်ပျိုးထောင်ရကြောင်း၊ ကြက်သွန်စိုက်ပျိုးရန် ကိုယ်ပိုင်စိုက်ပျိုးမြေမရှိသည့် တောင်သူများသည် စိုက်ပျိုးမြေငှားရမ်းခ တစ်ဧက ကျပ်ငါးသိန်းပေးကာ ငှားရမ်းစိုက်ပျိုးရကြောင်း၊ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြေဩဇာအဖြစ် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေး၊ ငုံးချေး၊ ဖော့စဖိတ်၊ ပုလဲ၊ ရွက်ဖျန်းဆေးများသုံးစွဲရကြောင်း၊ ပျိုးသက်၄၅ရက်သားခန့်တွင်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြရပြီး စိုက်ခင်းထဲတွင် သုံးလခန့်ရှိလျှင် နုတ်သိမ်းရောင်းချခြင်း၊ လှောင်ထားခြင်းများဖြင့် ဈေးနှုန်းကောင်းသည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ရောင်းချကြကြောင်း သိရသည်။

**ဒီပါလင်း**



# အဏ္ဏဝါညစ်ညမ်းခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း (ကျိုက္ခမီ)တို့တွင် နိုဝင်ဘာ ၈ ရက်က အဏ္ဏဝါညစ်ညမ်းခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။



ဟောပြောပွဲတွင် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးခိုင်ကျော်က အဏ္ဏဝါညစ်ညမ်းခြင်း၏ အကျိုးသက်ရောက်မှုများ၊ ညစ်ညမ်းရခြင်းအကြောင်းရင်းများ၊ ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် ရှောင်ကြဉ်ရမည့်အချက်များ၊ ညစ်ညမ်းမှုမဖြစ်စေရန် လုပ်ဆောင်ရမည့်အချက်များ စသည်တို့ကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မိုးနဲ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး စသည့်ခေါင်းစဉ်များဖြင့် ပြောကြားရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များပြန်လည်မေးမြန်းရာ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသစာအုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သမိုင်းဝင်(၁၆)ဌာန ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြုပြင်နိုင်ရေး ကြည့်ရှု



ပေါင် နိုဝင်ဘာ ၉

မွန်ပြည်နယ်အတွင်း ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်စေရေး အလေးထား ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမတောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသည့် သမိုင်းဝင်(၁၆)ဌာန ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြုပြင်နိုင်ရေးအတွက် ကြည့်ရှုခဲ့ပြီး စေတီတော်မြတ်ကြီးအား ရှေးမူမပျက် ပြန်လည်မွမ်းမံ ပြုပြင်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီးကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ကုသိုလ်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

---

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၄-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

**အ**

**အ**သည် သရဖြစ်သော်လည်း မြန်မာဘာသာ ဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နောက်ဆုံးဗျည်းအက္ခရာအဖြစ် သတ်မှတ်ခဲ့ကြသည်။ **အ**၏အနက်လည်း 'ပေါင်းစည်းခြင်း' ပင်ဖြစ်သည်။ **အ**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် နာမဝိသေသနအဖြစ်နှင့် ပစ္စည်းအဖြစ်ဖွင့်ပြထားပါသည်။ **အ**၊ နဝိ- "၁၊ စကားပြောနိုင်စွမ်းမရှိသော။ ၂၊ အသံမပီသသော။ "ဒင်္ဂါး **အ** သည်။" ၃၊ ရိုးလွန်းသော။ ၄၊ (အပင်စသည်) ဖွံ့ဖြိုးမှုရပ်တန့်သော။ ၅၊ အရောင်းအဝယ်ထိုင်းသော။ ၆၊ (ပုံအသွင်) ခေတ်မီဆန်းသစ်ခြင်းမရှိသော"ဟူ၍ လည်းကောင်း။

စည်း-၁၊ ကြိယာကိုဖြစ်စေ၊ နာမဝိသေသနကိုဖြစ်စေ နာမ်ပုဒ်ဖြစ်အောင်၊ ကြိယာဝိသေသနပုဒ်ဖြစ်အောင် တွဲဆက်ပေးသောစကားလုံး။ "**အ**က။ **အ**ကြံအစည်။ **အ**ညီအညွတ်။ **အ**လှအပ" ၂၊ နာမ်အချို့၏ ရှေ့တွင်တွဲစပ်သော စကားလုံး။ "**အ**သံ။ **အ**ခန့်။ **အ**သက်" ဟူ၍ လည်းကောင်း တွေ့ရပါသည်။

စကားပြောနိုင်စွမ်းမရှိသည်ကို **အ**သည်ဟုဆိုသည်။ အဘယ်ကြောင့် စကားပြောနိုင်စွမ်းမရှိသနည်း။ အဘယ်ကြောင့် **အ**သနည်း။ အဖြေမှာ အသံမထွက်သောကြောင့်ဖြစ်သည်။ အသံဆိုသည်မှာ ရိုးရိုးအသံမဟုတ်၊ ဌာန်ကရိုဏ်း ပယတ်နှင့်အညီ ထွက်လာသော စကားသံကိုဆိုလိုသည်။ တစ်နည်းဆိုသော် အသံသည် စနစ်တကျထွက်ပေါ်မလာနိုင်ဘဲအသံဖြစ်မည့်နေရာတွင်ပင် ပေါင်းစည်းရုံးစုနေသောကြောင့်ဖြစ်သည်။

အသံသည် အသံထွက်ရမည့်နေရာတွင် ပေါင်းစည်းရုံးစုနေသော အခါ အသံဖြစ်အင်္ဂါများမှ ဌာန်ကရိုဏ်းပယတ်ကျကျဖြင့် ထွက်မလာသောကြောင့် **အ**သည်ဟုဆိုသည်။ အသံထွက်လာသော်လည်း ပြောဆိုသူ ပြောလိုသည့် အသံမထွက်ပေ။ ထိုအခါ ပြောဆိုသူ ပြောလိုသည့် အဓိပ္ပာယ် ပေါ်ထွက်မလာသဖြင့် အသံမထွက်ဟုပင် ဆိုရပါသည်။ **အ**နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှင်းပြထားသည်မှာ လေးစားမှတ်သားဖွယ်ဖြစ်ပေသည်။ ဆရာတော်က "ဆွံ့**အ**သည်ဟူရာ၌ **အ**၏အရကား ဆိတ်တိတ်၏။ စဲညံ့၏။ တိမ်းအောင်း၏ဟူသော အနက်သဘောတည်း။ ထို့ကြောင့် **အ**၏ ဟူလျှင် အသံမထွက်၊ ဆိတ်တိတ်သည်၊ စဲညံ့သည်၊ တိမ်းအောင်းသည်ပင်ဖြစ်၏။ အသံထွက်လျက်မပီကာမျှကို **အ**၏ ဆိုရာ၌လည်း လိုအပ်သောသဘောအနက် တိတ်ဆိတ်၊ စဲညံ့၊ တိမ်းအောင်းသည်ပင်ဖြစ်၏။ လိုအပ်သော သဘောအနက် မိမိ၏ နှလုံး၌ရှိလျက်ပင် သူတစ်ပါး၏ နှလုံးသို့ ကူးရောက်အောင် မပီသသော် ထိုလိုအပ်သော သဘောအနက်သည် မိမိ၏နှလုံး၌သာတည်၍ သူတစ်ပါး၏ နား၊ နှလုံးသို့မရောက်သဖြင့် မိမိ၏စိတ်၌ ထိုသဘော အနက်တည်၍ တိတ်ဆိတ်၊ စဲညံ့၊ တိမ်းအောင်း လေသည်ဖြစ်၍ တိတ်ဆိတ်စဲညံ့တိမ်းအောင်း၏ ဟူသည်လည်း မရှိလျှင်းသည်ကိုမဆို၊ ရှိသောသဘောသည် ရှိမြဲတွင်သာ တိတ်လေဆိတ်လေသည်၊ စဲညံ့လေသည်၊ တိမ်းပွေလေသည်၊ အောင်းလေသည်ဟု ဆိုလိုသည်"ဟု ရှင်းပြခဲ့ပါသည်။

ဒင်္ဂါး **အ**သည်ဆိုသည်မှာ ငွေဒင်္ဂါးသည်လိုအပ်သောအသံမထွက်ဘဲရှိသည်ကို ဆိုလိုသည်။ ငွေဒင်္ဂါးသွန်းလုပ်ရာတွင် ငွေသားနှင့် အခြားသတ္တု အချိုးမျှတစွာရော၍ သွန်းလုပ်မှ ငွေဒင်္ဂါး၏ အသံသည် ပီပီသသ၊ လွင်လွင်သသမြည်မည်ဖြစ်သည်။ သို့ရာတွင် ငွေသားနှင့် အခြားသတ္တု အချိုးမျှတခြင်းမရှိပါက ထိုဒင်္ဂါးကို ကျောက်တုံး၊ သံတုံး စသည်၌ တီးခတ်သော် လိုအပ်သောအသံလွင်လွင် မထွက်ဘဲရှိတတ်သည်။ ယင်းသို့ ဖြစ်သည်ကို ဒင်္ဂါး**အ**သည်ဟု ဆိုသည်။ အဆင့်အတန်း အရည်အသွေးမမီတော့သဖြင့် တန်ဖိုးမရှိပါပေ။

**အ**၏အဓိပ္ပာယ်တစ်ခုမှာ ရိုးလွန်းသောဟူ၍ဖြစ်သည်။ ရိုး၏ အနက်မှာဖြောင့်ဖြစ်သည်။ ကလိမ်ကကျစ်မဟုတ်ဘဲ ရိုးသည်၊ ရိုးဖြောင့်သည်၊ ရိုးသားသည်ဆိုသည်မှာ အလွန်ကောင်းပါသည်။ သို့ရာတွင် ရိုးလွန်းလျှင် **အ**သွားတတ်သည်။ ထူသွား၊ ထုံသွား၊ ထိုင်းသွား၊ နသွားပေလိမ့်မည်။ ဤသည်မှာ မပါးမနပ်၊ မသွက်မလက်သော သဘောဖြစ်သည်။ ထူ၊ ထုံ၊ ထိုင်း၊ န တို့၏အနက်သည် ပေါင်းစည်းခြင်း၊ ထုံးဖွဲ့ခြင်းအနက်ဖြစ်သည်။

အပင်စသည် ဖွံ့ဖြိုးမှုနည်းသည်ကိုလည်း **အ**သည်ဟုပင် ဆိုသည်။ နှမ်း၊ ပဲ၊ ပြောင်း စသည်တို့သည် ခါတိုင်းနှစ်နှင့်မတူဘဲ အသီးအနှံမကောင်း၊ အထွက်နည်းသည်ကို **အ**သည်ဟုဆိုသည်။ အသီးအနှံမဖွံ့ဖြိုးမအောင်မြင်၊ အထွက်နည်းသည်ဆိုသည်မှာ ပြန့်ပွားစည်ကားခြင်းမရှိ ကြုံလှီလျော့ပါးခြင်းကြောင့်ဖြစ်သည်။ ဆုတ်ယုတ်နည်းပါးခြင်းဖြစ်သည်။ မဖွံ့ထွားမပြန့်ပွားသဖြင့် ဖျင်းသိမ်ဆုတ်ယုတ်သည်ကို **အ**သည်ဆိုခြင်းဖြစ်ရာ ဖျင်းသိမ်ဆုတ်ယုတ် လျော့ပါးခြင်းသည် ကျစ်လျစ်ပေါင်းစည်းခြင်းပင်ဖြစ်သည်။ အသီးအနှံ**အ**သည်ကို ယောဒေသတွင် ဆွံ့သည်ဟု ပြောကြသည်။

အရောင်းအဝယ်ထိုင်းသည်ကိုလည်း **အ**သည်ဟုဆိုသည်။ အရောင်းအဝယ်ကိစ္စသည် ရောင်းသူဝယ်သူ ရောင်းဝယ်ဖောက်ကားများပြားစည်ပင်နေရမည်ဖြစ်သည်။ သွက်လက်လှုပ်ရှား စည်ကားလျက်ရှိရသည်။ သို့ဖြစ်လျက် အရောင်းအဝယ် မသွက်လက်သည်ကို ထိုင်းသည်ဟုဆိုသည်။ ထိုင်းသည် ထူ၊ ထုံ၊ န၊ လေး၊ ဖင့်၊ နှေးသည်ဖြစ်၍ အနှင့်အနက်ရင်းတူသောကြောင့် ထိုင်းသည်ဟုမပြောဘဲ **အ**သည်ဟု စကားပရိယာယ် ဖလှယ်သုံးခြင်းဖြစ်သည်။

ပုံအသွင် ခေတ်မီဆန်းသစ်မှု မရှိသည်ကိုလည်း **အ**သည်ဟု ဆိုသည်။ ခေတ်မီ၏ ဆန့်ကျင်ဘက်သည် ခေတ်နောက်ကျဖြစ်သည်။ ဆန်းသစ်၏ ဆန့်ကျင်ဘက်သည် ရိုးစင်းဖြစ်သည်။ ထို့ကြောင့် အမြင်အားဖြင့် ခေတ်နောက်ကျပြီး အသွင်အပြင်ရိုးစင်းသည်ကို အသွင်အဆင် **အ**သည်ဟု ဆိုသည်။ ထူ၊ ထုံ၊ ထိုင်းသော သဘောပင်ဖြစ်သည်။ သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ် မရှိ၊ ပေါ်ပေါ်လွင်လွင် မရှိသဖြင့် **အ**သည်ဟု ဆိုရသည်။

ဤသို့လျှင် **အ**၏ အနက်သည် တိမ်မြုပ်၊ တိမ်းအောင်း၊ ငုပ်လျှိုး၊ ရုံးစည်းသည့်သဘောသဘာဝရှိသောကြောင့် ပေါင်းစည်းခြင်း အနက်ပင်ဖြစ်ကြောင်း သိရပါသည်။

မြန်မာအဘိဓာန်တွင် **အ**ကို ပစ္စည်းအဖြစ်လည်း အသုံးပြုထားပါသည်။ နာမ်ပြုရှေ့ဆက်ပစ္စည်းဟု ဆိုရပါမည်။ ကြိယာကိုဖြစ်စေ၊ နာမဝိသေသနကိုဖြစ်စေ၊ နာမ်ပုဒ်ဖြစ်အောင် ထိုကြိယာ သို့မဟုတ် နာမဝိသေသန၏ရှေ့၌ ဆက်ရသော ပစ္စည်းဖြစ်သည်။

**သာဓက။ ။**

**အ**က၊ **အ**ဆို၊ **အ**တီး၊ **အ**ပြော၊ **အ**စား၊ **အ**ပြေး၊ **အ**ကအခုန်၊ **အ**ဆို **အ**တီး၊ **အ**တီးအမှုတ်၊ **အ**ပြောအဟော၊ **အ**စားအသောက်၊ **အ**ပြေး**အ**ခုန် စသည်။ ယင်းတို့သည် က၊ ဆို၊ တီး၊ ပြော စသော ကြိယာတို့၏ ရှေ့တွင် **အ** ဆက်၍နာမ်ပုဒ်ပြုထားခြင်းဖြစ်သည်။

**သာဓက။ ။**

**အ**အေး၊ **အ**ပူ၊ **အ**နိမ့်၊ **အ**မြင့်၊ **အ**ဆိုး၊ **အ**ကောင်း၊ **အ**နီး၊ **အ**ဝေး၊ **အ**လှ၊ **အ**ချော၊ **အ**တို၊ **အ**ရှည်၊ **အ**ပူ**အ**အေး၊ **အ**နိမ့်**အ**မြင့်၊ **အ**ဆိုး**အ**ကောင်း၊ **အ**နီး**အ**ဝေး၊ **အ**ချော**အ**လှ၊ **အ**တို**အ**ရှည် စသည်။ ယင်းတို့သည် နာမဝိသေသနတို့၏ရှေ့တွင် **အ**ဆက်၍ နာမ်ပြုထားခြင်းဖြစ်သည်။

အချို့သော ဝေါဟာရတို့သည် ပင်ကိုအားဖြင့်ပင် နာမ်သဘောသက်ရောက်ပြီး ဖြစ်သော်လည်း **အ**ဆက်၍နာမ်ပြုထားသည်။

**သာဓက။ ။**

**အ**မိ၊ **အ**ဖ၊ **အ**သက်၊ **အ**သံ၊ **အ**ဆွေ၊ **အ**မျိုး၊ **အ**ခါ၊ **အ**ခေါက်၊ **အ**ပင်၊ **အ**မြစ်၊ **အ**မွေ၊ **အ**သား၊ **အ**သွေး စသည်။ ပစ္စည်းအဖြစ်သုံးသော **အ**များတွင် အနက်သီးခြားမရှိပါ။ အသံထွက်ရာတွင်လည်း မတြာပြည့်မထွက်ပါ။ မတြာဝက်မျှသာ အသံထွက်ပါသည်။ ထို့ကြောင့် ပစ္စည်းဖြစ်သော **အ**များတွင် အနက်မရှိဘဲ မတြာပြည့် နာမဝိသေသနအများ၏ အနက်ဖြစ်သော ပေါင်းစည်းအနက်ကိုသာ ယူဆရန်ရှိပါသည်။

**အ**၏ တိုင်သံတစ်ခုမှာ **အက်**ဖြစ်ပါသည်။ **အက်** ကို မြန်မာအဘိဓာန်တွင် "**အက်**၊ ကြိ – ၁၊ အကွဲကြောင်း ထင်ရှားစွာပေါ်သည်။ ၂ (အသံ) ကြည်လင်ပြတ်သားမှုမရှိဖြစ်သည်။"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ လယ်မြေ၊ နုန်းမြေ စသည်တွင် ရေခန်းပြီး နေအလွန်ပူသဖြင့် မြေသည် အခြောက်လွန်ကာ မြေကြီးတွင် ပပ်ကြားဖြစ်ပေါ်သည်ကို ပပ်ကြားအက်သည်ဟု ဆိုသည်။ ယင်းသို့ ဖြစ်နေသော အက်ကွဲကြောင်းကိုလည်း ပပ်ကြားအက်ဟုပင်ခေါ်သည်။ စုရုံးပေါင်းစည်းအားကြီးသဖြင့် သိပ်သည်းကျစ်လျစ်ပြီး ကွဲအာလာခြင်းဖြစ်သည်။ ဩဇာသီးစသည်လည်း သီးကင်းအဖြစ်မှ သီးရင့်ဖြစ်လာပြီး အရင့်လွန်သော်၊ အစိမ်းလွန်သော် ပေါင်းစည်းစုရုံးမှုအားကြီးပြီး ဩဇာသီးသည် အက်ကွဲလာတတ်ပါသည်။ ပေါင်းစည်းခြင်း၊ ကျစ်လျစ်သိပ်သည်းခြင်းသည် အက်ကွဲခြင်းကို ဖြစ်စေ ပါသည်။

**အပ်**သည်လည်း **အ**၏ တိုင်သံတစ်ခုဖြစ်သည်။ **အပ်**၏အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။ အပ်၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန် တွင် "အပ်၊ ကြိ–၁၊ မျက်နှာပြင်တစ်ခုနှင့် တစ်ခု ထိကပ်အောင်ပြုသည်။ **၂၊** စောင့်ရှောက်ထိန်းသိမ်းရန်ပေးသည်၊ လွှဲသည်။ **၃၊** ပစ္စည်းတစ်စုံတစ်ရာကို ပြင်ဆင်ပြုလုပ်ရန် ပေးသည်။ **၄၊** သင့်လျော်လျောက်ပတ်သည်။" ဟု ဖွင့်ပြ ထားပါသည်။ ဤတွင် အနက် ၁ သည် ကျောချင်းကပ်သည်။ ရင်ချင်းအပ်သည်။ ၂ သည် ကလေးကို ကျောင်းအပ်သည်။ **၃** သည် အင်္ကျီချုပ်ရန် စက်ဆိုင်တွင် အပ်သည်။ **၄** သည် ပြောအပ်သည်၊ ဆိုအပ်သည် စသည်တို့ကဲ့သို့ သုံးနှုန်းကြခြင်းဖြစ်သည်။ သာဓက လေးခုလုံး ပေါင်းစည်းခြင်းအနက်ချည်းဖြစ်သည်။

ချုပ်၍ဆိုရသော် **အ**၏ အနက်သည် ပေါင်းစည်းခြင်း၊ **အ**၏ တိုင်သံ**အက်**၏ အနက်လည်း ပေါင်းစည်းခြင်း၊ **အ**၏ တိုင်သံ **အပ်**၏ အနက်လည်း ပေါင်းစည်းခြင်း ဟုဆိုလိုပါသတည်း။

(ဆက်လက်ဖော်ပြပါမည်)

# Naypyitaw State Academy တည်ထောင်ခြင်း နှစ်နှစ်ပြည့်အခမ်းအနား ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၉**

Naypyitaw State Academy ကို "ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Naypyitaw State Academy တည်ထောင်ခြင်း နှစ်နှစ်ပြည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မဟာဌာနကြီး လေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသားကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ရာမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီး ခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ကျောင်းသား ကျောင်းသူ ၁၅၀၀ ခန့်ဖြင့် ဘက်စုံပညာရပ်များ ဖြန့်ဝေရာ ပညာရပ်ဝန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်နိုင်မည် ဖြစ်ကြောင်း၊ Naypyitaw State Academy တွင် အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားသည့်အပြင် ဘွဲ့နှင်းသဘင်ခန်းမ၊ ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်လျက်ရှိကြောင်း၊ Naypyitaw State Academy ၏ ခံ့ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်းမြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Naypyitaw State Academy ၏ ဆရာ ဆရာမ၊ ဝန်ထမ်းများကို အမှတ်တရ ကံစမ်းမဲများ ဖောက်ပေးကြသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပပြီး စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ (၃၆)ကြိမ်မြောက်နှင့် (၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၉**

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)- ရန်ကုန်မြို့၌ (၃၆)ကြိမ်မြောက်နှင့် (၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုများကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၆)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ အသက် ၄၉ နှစ်ရှိ အသည်းရောဂါလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အသည်းလက်ခံသူလူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၀ နာရီခွဲ ကြာမြင့်ခဲ့သည်။

(၃၇)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ချင်းပြည်နယ် ဟားခါးမြို့နယ်မှ အသည်းရောဂါလူနာ အသက် ၆၀ နှစ်ရှိ အမျိုးသမီးနှင့် အသည်းအလှူရှင် သမီးတော်စပ်သူ အသက် ၂၅ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ ၅၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၁၂ နာရီ ၃၄ မိနစ်တွင် အသည်းလက်ခံသူ လူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ခုနစ်နာရီခွဲ ကြာမြင့်ခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုး ခွဲစိတ်မှု အောင်မြင်စွာပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာစိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် တောင်ကိုရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှု ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ မူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ခတ်ခွဲ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) (ငြိမ်း) ပါမောက္ခ ဒေါက်တာတင်တင်မာ၊ ပါမောက္ခ၊ ဌာနမှူး(မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) - ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး၊ တွဲဖက်ပါမောက္ခ (မေ့ဆေး) ဒေါက်တာ မောင်မောင်ဆွေ၊ ပါမောက္ခ ဒေါက်တာသဇင်သန်း (ဓာတ်မှန်)၊ ဒေါက်တာယဉ်မူယာ၊ အထူးကုဆရာဝန်ကြီး (ဓာတ်ခွဲ) နှင့် ဆရာဝန်များ၊ သူနာပြုအုပ်များ ဖြစ်သော ဒေါ်စန်းစန်းရင်နှင့် ဒေါ်ပိုပိုအောင်၊ ကျွမ်းကျင်သူနာပြုဆရာမကြီးများ ဖြစ်သော ဒေါ်ကေသီနွယ်နှင့် ဒေါ်ယုယုလင်း ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင် ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

(၃၆)ကြိမ်မြောက်နှင့် (၃၇) ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်များ အားလုံး ခွဲစိတ်ပြီးကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် တစ်တွဲ၊ နှင့် ၂၀၀၉ ခုနှစ်တွင် တစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင်လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ၊ ၂၀၂၃ ခုနှစ်တွင် တစ်တွဲ စုစုပေါင်း ၃၅ တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ✪ ကျောဖုံးမှ

အဆိုပါအမျိုးသားကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ ရဲထွန်းနောင်(မြန်မာ)၊ဒုတိယ ဗီယက်နမ်၊ တတိယ အိန္ဒိယ၊ စတုတ္ထ မလေးရှားနှင့် ပဉ္စမ မာဒါဂါဇကာနိုင်ငံတို့က အသီးသီးရရှိခဲ့သည်။

**နိုင်ငံပေါင်း ၄၁ နိုင်ငံမှ**

**အားကစားသမားပေါင်း ၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှအားကစားသမားပေါင်း ၃၀၀ ခန့်က ပြိုင်ပွဲအမျိုးအစား ၅၀ ၌ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**လင်းရာမ**

## ❄ မြန်မာအမျိုးသမီးမှ

ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ကိုပါ ရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်သည်။ အဆင့်ရပ်တည်မှုများ အဖြေထွက်ပေါ်ပြီးဖြစ်သော်လည်း နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပထမအကျော့နှင့် ဒုတိယအကျော့တွင် အရေးနိမ့်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုတတိယအကျော့တွင် အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို သွင်းဂိုး ၁၉ ဂိုးစီဖြင့် ပူးတွဲရရှိခဲ့သည့် ရှောဝတီတိုက်စစ်မှူး စန်းသော်သော်နှင့် အား/ကာသိပ္ပံ တိုက်စစ်ကစားသမား လင်းမြင့်မိုရ်တို့ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းစီ၊ တတိယဆုရရှိသည့် ရှောဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုရရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ပထမဆုရရှိသည့် အား/ ကာသိပ္ပံအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၂၀၀၊ ချန်ပီယံဆုဖလား၊ တစ်ရာသီလုံးရှုံးပွဲမရှိသည့်အတွက် ရွှေဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ဒုတိယ၊ ရှောဝတီအသင်းက ၂၇ မှတ်ဖြင့် တတိယနေရာ ရရှိသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MWL**

# ဆောင်းရာသီကာလရောက်တိုင်း တောင်တန်းဒေသများကို အလှဆင်နေသည့် တောင်ဇလပ်ပန်းများအလှ ဝိုင်းဝန်းကာကွယ်

တောင်ဇလပ်ပန်းသည် တောင်ကုန်း၊ တောင်တန်းနှင့် တောင်စွယ်ဒေသများတွင် အများဆုံးတွေ့မြင်ရပြီး လူတိုင်းကြိုက်နှစ်သက်သည့် ပန်းအမျိုးအစား ဖြစ်ပေသည်။ တောင်ကုန်း၊ တောင်တန်းများကြားတွင် ဆောင်းနှင်းစက်များနှင့်အတူ လိုက်ဖက်ညီထွေစွာ ဝေဆာဖူးပွင့်သည့် တောင်ဇလပ်ပန်းအလှကို ရှုမျှော်နိုင်ရန်နှင့် အလှဓာတ်ပုံများရိုက်ကူးရန်အတွက် ဆောင်းရာသီကာလရောက်တိုင်း တောင်ဇလပ်ပန်းများရှိရာ တောင်ပေါ်ဒေသများတွင် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များဖြင့် အစဉ်စည်ကားလျက်ရှိပေသည်။

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)

တောင်ဇလပ်ပန်းကို သိပ္ပံအမည်အားဖြင့် Rhododendron arboretum ဟု အမည်ပွာယ်ရပြီး ကမ္ဘာပေါ်တွင် တရုတ်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံ တောင်ပေါ်ဒေသများ၌ ပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တွေ့မြင်နိုင်သည်။ တောင်ဇလပ်ပန်းပင်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ မှ ပေ ၆၀၀၀ အမြင့်အတွင်း ပေါက်ရောက်နိုင်သော အပင်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဇလပ်နီ (တောင်ဇလပ်ပန်းအနီရောင်)၊ ဇလပ်ဝါ (တောင်ဇလပ်ပန်းအဝါရောင်) နှင့် ဇလပ်ဖြူ (တောင်ဇလပ်ပန်းအဖြူရောင်) စသည့် တောင်ဇလပ်ပန်းသုံးမျိုးလုံးကို ချင်းပြည်နယ်တွင်သာ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။



### တောင်ပေါ်ဒေသကို အချိန်ကာလကြာမြင့်စွာ အလှဆင်သောပန်း

တောင်ဇလပ်ပန်းများ ဖူးပွင့်ဝေဆာချိန်သည် နှစ်စဉ်နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလဖြစ်ပြီး အပွင့်များကို မတ်လကုန်အထိ တွေ့မြင်နိုင်သည်။ တောင်ဇလပ်ပန်းများ အပွင့်စုံလင်ပြီး အလှဆုံးအချိန်သည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများဖြစ်သည်။ တောင်ဇလပ်ပန်းတို့မှာ လချီပွင့်လေ့ရှိတတ်ပြီး တောင်ပေါ်ဒေသကို အချိန်ကာလကြာမြင့်စွာ အလှဆင်သော ပန်းအမျိုးအစားလည်းဖြစ်သည်။ တောင်ဇလပ်ပန်းမှာ ပန်းခိုင်အမျိုးအစားဖြစ်ပြီး ပန်းပွင့်မှာ ခေါင်းလောင်းပုံစံရှိကာ အမြင့်ပေ ၂၀ မီတာခန့်အထိရှိသည်။ ပန်းခိုင်တစ်ခိုင်တွင် ပန်းပွင့်ငယ် ၁၅ ပွင့်မှ အပွင့် ၂၀ အထိပါရှိပြီး ပန်းပွင့်၏အရှည်နှင့် အကျယ်မှာ ၁ ဒသမ ၅ လက်မခန့်အထိ ကြီးထွားသည်။ ပန်းပွင့်အတွင်း အနက်ရောင်အပြောက်များနှင့် ဝတ်ရည်အိတ် အနက်ရောင်များ တွေ့ရှိနိုင်သည်။ တောင်ဇလပ်ပင်၏ပင်စည်မှာ အပူပိုင်းဒေသများတွင် ပေါက်ရောက်လေ့ရှိသော စောင်းပင်ကဲ့သို့ အစိမ်းရင့်ရောင်ဖြစ်ပြီး ပင်စည်အတွင်းရှိ အမျှင်များမှာ ကျစ်လျစ်စွာပူးကပ်တည်ရှိသည်ကို တွေ့ရသည်။ အပင်အကိုင်းအခက်များမှာ ၁၂ မီတာခန့် ကျယ်ဝန်းပြီး ခိုင်မာသော သဘောဆောင်ခြင်းတို့ကြောင့် လေတိုက်နှုန်းဒဏ်ကို ခံနိုင်စွမ်းရှိသည်။

တောင်ဇလပ်အနီနှင့် အဝါတို့သည် မြေကြီးပေါ်တွင် ပေါက်ရောက်လေ့ရှိပြီး တောင်ဇလပ်ပန်းအဖြူအချို့မှာမူ သစ်ပင်ကြီးများပေါ်တွင် ကပ်ပါးပုံစံဖြင့် ပေါက်ရောက်သကဲ့သို့ မြေကြီးပေါ်တွင်လည်း ပေါက်ရောက်နိုင်သည်။ တောင်ဇလပ်ပန်းအနီရောင်နှင့် တောင်ဇလပ်ပန်းအဖြူရောင် တို့ကို ချင်းပြည်နယ်ရှိ တောင်ပေါ်ဒေသနေရာအနှံ့အပြားတွင် တွေ့မြင်ရသော်လည်း ရှားပါးသည့်တောင်ဇလပ်ပန်းအဝါရောင်ကိုမူ မြို့၊ ကျေးရွာများနှင့် အလှမ်းဝေးကွာသည့်နေရာများ၊ သာမန်လူသွားလာရန် ခက်ခဲသည့်နေရာများတွင်သာ ပေါက်ရောက်သည်ကို တွေ့ရသည်။

### ဂုဏ်ယူဖွယ် အမှတ်အသားတစ်ခုအဖြစ် ခေတ်အဆက်ဆက် အမြတ်တနိုးထိန်းသိမ်းကာကွယ်

ကမ္ဘာပေါ်တွင် တောင်ဇလပ်ပန်းအနီကို နီပေါနိုင်ငံက အမျိုးသားပန်းအဖြစ် သတ်မှတ်ထားသည်ကို တွေ့ရပြီး မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၏ အမျိုးသားပန်းအဖြစ် သတ်မှတ်ကြသည်။ တောင်ဇလပ်ပန်းကို ချင်းတိုင်းရင်းသားများက မိမိဘာသာစကားဖြင့် ဒေသအလိုက် နာမည်အမျိုးမျိုး ခေါ်ဝေါ်ကြပြီး တောင်ဇလပ်ပန်းအနီကို ရဲရင့်ခြင်း၊ တောင်ဇလပ်ပန်းအဖြူကို ရိုးသားဖြောင့်မတ်ခြင်း စသည်ဖြင့် ကိုယ်စားပြုသည်ဟု တင်စားခေါ်ဝေါ်ကြသည်။ ထိုအချက်များကြောင့်ပင် ချင်းတိုင်းရင်းသားများက တောင်ဇလပ်ပန်းကို ဂုဏ်ယူဖွယ် အမှတ်အသားတစ်ခုအဖြစ် ခေတ်အဆက်ဆက်အမြတ်တနိုးထိန်းသိမ်းကာကွယ်လာကြခြင်းဖြစ်သည်။

တောင်ဇလပ်ပန်းများစွာ ပေါက်ရောက်ရှင်သန်သည့် ချင်းပြည်နယ်တွင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများက ဘာသာရေးအခမ်းအနားများနှင့် ပွဲတော်များတွင် အလှချိတ်ဆွဲရန် အပင်များခုတ်လှဲခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်း၊ ဝိုင်ပြုလုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများက နှစ်သက်မြတ်နိုးမှုကို အကြောင်းပြကာ ပန်းပွင့်များ ခူးယူခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်းတို့ကြောင့် တောင်ဇလပ်ပင်များမှာ အပင်ခြောက်သွေ့ပြီး ပျက်စီးမှုများဖြစ်လာခဲ့ပြီဖြစ်သည်။

### အပင်များ ပျက်စီးပြုန်းတီးခြင်း၏ အကြောင်းရင်း

တောင်ဇလပ်ပန်းများကို အရောင်လှသော၊ ရနံ့မွှေးသော၊ အရသာကောင်းမွန်သော တောင်ဇလပ်ဝိုင်အဖြစ် ဖန်တီးအသုံးပြုကြရာ လူကြိုက်များသော ဝိုင်တစ်မျိုးဖြစ်လာခဲ့သည်။ တောင်ဇလပ်ပန်းပွင့်များစွာကို ဆုံတွင်ထောင်းပြီး ကျန်ရှိသည့်အနှစ်များကို ဝိုင်အဖြစ်ပြုလုပ်ရခြင်းဖြစ်ရာ တောင်ဇလပ်ဝိုင်တစ်ပုလင်းရရှိနိုင်ရေး အပင်များစွာမှ ပန်းပွင့်များ လိုအပ်သည်။ ထို့ကြောင့် တောင်ဇလပ်ပန်းပွင့်များ ရရှိနိုင်ရေးအတွက် နှစ်ရှည်အပင်ကြီးများနှင့်အပွင့်များသည့် အပင်များကို ခုတ်လှဲလေ့ရှိကြသည်။ တောင်ဇလပ်ဝိုင်ထုတ်လုပ်ခြင်းသည် အပင်များ ပျက်စီးပြုန်းတီးခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်သည်။

တောင်ဇလပ်ပင်များကို ရေမဝပ်သည့်နေရာများတွင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းနိုင်ပါက အောင်မြင်ဖြစ်ထွန်း ရှင်သန်နိုင်သည်ဟု မှတ်သားရပါသည်။ တောင်ဇလပ်ပန်းသည် နှစ်ရှည်ပင်အမျိုးအစားတစ်ခုဖြစ်သည့်အားလျော်စွာ ပြန်လည်စိုက်ပျိုးနိုင်သော်လည်း အပင်ရှင်သန်ကြီးထွားရန်မှာ ခဲယဉ်းလှပါသည်။ ထို့အပြင် ချိုးယူထားသည့် တောင်ဇလပ်ပင် အကိုင်းအခက်များ ပြန်လည်စုံလင်ရန်မှာ အချိန်ကာလအားဖြင့် နှစ်နှစ်မှ လေးနှစ်အထိ ကြာမြင့်သည်ဟု သိရသည်။ ယခုအချိန်ထိ ချင်းတောင်တန်းဒေသများ၌ တောင်ဇလပ်ပန်းများ မရေမတွက်နိုင်အောင် ပေါက်ရောက်နေဆဲဖြစ်သလို အပင်ငယ်များနှင့် ပျိုးပင်ငယ်များကိုလည်း မြင်တွေ့နေရဆဲဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရှားပါးစွာတွေ့မြင်ရပြီး သဘာဝအတိုင်း ဖူးပွင့်ဝေဆာသည့် တောင်ဇလပ်ပန်းများ၏ အလှတရားများကို ဒေသခံတိုင်းရင်းသားများနှင့် ခရီးသွားပြည်သူများအားလုံးက ခူးယူရန်သာ စိတ်ကူးခြင်းမပြုဘဲ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အပင်အမျိုးအစားအဖြစ် မှတ်ယူသင့်ပါသည်။

### ပျက်စီးပြုန်းတီးမှုကို ကာကွယ်သင့်

တောင်ဇလပ်ပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူသွားလူလာများသည့် နေရာများ၊ အဆောက်အအုံများတွင် အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအား စိတ်ဝင်စားအောင် ဆွဲဆောင်စေမည့် တောင်ဇလပ်ပန်းဥယျာဉ်ခြံအဖြစ် စိုက်ပျိုးထိန်းသိမ်းခြင်းတို့ဖြင့် တောင်ဇလပ်ပန်း ပျက်စီးပြုန်းတီးမှုကို ကာကွယ်သင့်ပါသည်။

တောင်ဇလပ်ပန်းအဖြူ၏ပင်စည်ကို သွေးလိမ်းလျှင် ဝက်ခြံ၊ တင်းတိပ် စသောအရေပြားရောဂါများ သက်သာစေကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာစမ်းစစ်ချက်များအရ သိရှိရပြီး **စာမျက်နှာ ၁၂ သို့ ❖**



✻ ချင်းပြည်နယ်တွင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများက ဘာသာရေးအခမ်းအနားများနှင့် ပွဲတော်များတွင် အလှချိတ်ဆွဲရန် အပင်များခုတ်လှဲခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်း၊ ဝိုင်ပြုလုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများက နှစ်သက်မြတ်နိုးမှုကို အကြောင်းပြကာ ပန်းပွင့်များ ခူးယူခြင်း၊ အကိုင်းအခက်များ ချိုးယူခြင်းတို့ကြောင့် တောင်ဇလပ်ပင်များမှာ အပင်ခြောက်သွေ့ပြီး ပျက်စီးမှုများဖြစ်လာ

✻ ကမ္ဘာပေါ်တွင် ရှားပါးစွာတွေ့မြင်ရပြီး သဘာဝအတိုင်း ဖူးပွင့်ဝေဆာသည့် တောင်ဇလပ်ပန်းများ၏ အလှတရားများကို ဒေသခံတိုင်းရင်းသားများနှင့် ခရီးသွားပြည်သူများအားလုံးက ခူးယူရန်သာစိတ်ကူးခြင်းမပြုဘဲ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အပင်အမျိုးအစားအဖြစ်မှတ်ယူသင့်



## တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အဖွဲ့သည် နိုဝင်ဘာ ၉ ရက်တွင် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်မည့်နေရာ၊ မဏ္ဍပ်ပြင်ဆင်ထားရှိမှုများနှင့် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ နဖူးစည်းဆိုင်းဘုတ်ဆောင်ရွက်မည့်နေရာများကို ကြည့်ရှုပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်ဘုရားအတက်လမ်း ညာဘက်ရှိ မြေထိန်းနံရံဆောင်ရွက်နေမှုနှင့် ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကျင်းပမည့် အဝေရာ မီးပုံးပျံကွင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပွဲတော်မုခ်ဦးများ၊ ပွဲဈေးတန်းများနှင့် MSMEs အသေးစား၊ အလတ်စား၊ အငယ်စား ဒေသထွက်ကုန်ပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို ရိုးရာအစဉ်အလာနှင့်အညီ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားသော်လည်း လက်ရှိမိုးလေဝသ ခန့်မှန်းချက်များအရ ရာသီဥတုအခြေအနေအပေါ် မူတည်၍ ယင်းနေ့ရက်များအစား နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် မီးပုံးပျံညမီးကြီးယမ်းမီး ၂၆ လုံး၊ စိန်နားပန်မီးပုံးပျံ ၂၄ လုံး စုစုပေါင်းအလုံး ၅၀၊ နေ့လွှတ်အရုပ် ခြေလေးချောင်း ၃၈ လုံး၊ အရုပ်အုပ်စု ၂၃ လုံး၊ ခြေနှစ်ချောင်း ၁၄၇ လုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် မီးပုံးပျံဝါသနာရှင်များ လာရောက်ကြည့်ရှုလည်ပတ်နိုင်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၉**

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှစ၍ ဒုံးအဖွဲ့ပေါင်း ၁၉ ဖွဲ့ဖြင့် ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်၌ ညစဉ်ကပြဖျော်ဖြေယှဉ်ပြိုင်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဒုံးအကပြိုင်ပွဲ စတုတ္ထညအနေဖြင့် နိုဝင်ဘာ ၈ ရက် ညပိုင်းက ပိုင်ကျုံတိုက်နယ် ကိုယ်စားပြု စုပေါင်းဒုံးအဖွဲ့၊ BGF အမှတ်(၁) စစ်ဒေသရုံးကိုယ်စားပြု ဒုံးအဖွဲ့၊ မိဇ္ဇတိုက်နယ် စုပေါင်းဒုံးအဖွဲ့၊ မြဝတီမြို့နယ် စုပေါင်းဒုံးအဖွဲ့၊ မြို့တော်စုပေါင်းဒုံးအဖွဲ့၊ အိန္ဒူတိုက်နယ်ကိုယ်စားပြု လွန်းညဒုံးအဖွဲ့၊ ရသေ့ပုံကျေးရွာစုပေါင်း ဒုံးအဖွဲ့၊ ကော့ကရိတ်မြို့နယ် စုပေါင်းဒုံးအဖွဲ့၊ ဒုံရင်းတိုက်နယ် ကိုယ်စားပြု လှိုင်ကမ္ဘာကျေးရွာ ဒုံးအဖွဲ့၊ ကော့ပရံဘုန်းတော်ကြီး သင်ပညာရေးကျောင်း ဒုံးအဖွဲ့တို့၏ ကပြယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများ၊ ရပ်နီးရပ်ဝေးဒေသများမှ တိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ဒုံးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် အထူးကြားပွဲ၊ ရိုးရာအောင်လံလုပွဲနှင့် စာချုပ်စိန်ခေါ်ပွဲများပါဝင်သော ရိုးရာလက်ဝှေ့ပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးကြသူများ၊ အကအလှများ ပါဝင်သော ကရင်မြန်မာဇာတ်သဘင်ပွဲ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အသေးစား၊ အလတ်စားနှင့် အငယ်စား စက်မှုလက်မှုလုပ်ငန်း (MSMEs) လုပ်ငန်းရှင်များ၊ ခင်းကျင်းပြသသည့် အသိပညာပေးနှင့် ထုတ်ကုန်အရောင်းပြခန်းများတွင် လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသူများ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ ဒေသအစားအစာများနှင့် မုန့်ဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများ၌ အနယ်နယ်အရပ်ရပ်မှလာရောက် အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



❖ စာမျက်နှာ ၁၁ မှ

ဂျပန်နိုင်ငံတွင်လည်း တောင်ဇလပ်ပန်းအနီရောင်၊ ပန်းရောင်၊ အဖြူရောင်ရောစပ်လျက် Bonsai (ဘွန်ဇိုင်းသက်ကြီးပုပင်) နည်းပညာဖြင့် အလှစိုက်ပန်းအိုးအဖြစ် ဖန်တီးပြုလုပ်ကြကြောင်း လေ့လာသိရှိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ပုဒ်မ ၁၉ (ဂ) အရ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသော သဘာဝအပင်များကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။ အဆိုပါသဘာဝအပင်စာရင်းတွင် တောင်ဇလပ် (ဖြူ၊ နီ၊ ဝါ)၊ တောင်ဇလပ်နှင်းဆီ၊ မြန်မာဂျပ်ဆင်း၊ သစ်ခွနက်၊ ချင်းသစ်ခွနီ၊ ဘုမ္မရာဇာ၊ တောင်လုံးကျော်/ ဆာချီ၊ မြေပုစွန်ကွေးတို့ ပါဝင်သည်။

ယခုခေတ်တွင် တောင်ဇလပ်ပန်းများအပါအဝင် သဘာဝပန်းပင်များကို စီးပွားရေးအဖြစ် ရောင်းဝယ်ခြင်းများရှိလာကြပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ဆောင်းရာသီကာလရောက်တိုင်း တောင်ပေါ်ဒေသများကို အလှဆင်နေသည့် တောင်ဇလပ်ပန်းများကို ခရီးသွားပြည်သူများအနေဖြင့် ခူးဆွတ်လိုခြင်း၊ ပိုင်ဆိုင်လိုခြင်းမပြုလုပ်ဘဲ မျှဝေရန်သာ၊ အလှကြည့်ရုံသာဖြစ်သင့်ပါသည်။ တောင်ဇလပ်ပန်းများရှင်သန်ပေါက်ရောက်သည့် တောင်ပေါ်ဒေသများရှိ ပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့်လည်း တောင်ဇလပ်ပန်း၏ အလှတန်ဖိုး၊ ရှားပါးမှုတန်ဖိုးတို့ကို နားလည်သိရှိပြီး အပင်ခုတ်လှဲခြင်း၊ အကိုင်းအခက်များချိုးယူခြင်းနှင့် အပွင့်ခူးယူခြင်းများမပြုလုပ်ကြဘဲ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သင့်ပါသည်။ ထို့ကြောင့် ချင်းတိုင်းရင်းသားများက အမြတ်တနိုးတန်ဖိုးထားသည့် 'တောင်ဇလပ်ပန်းများ' ထာဝစဉ်ရှင်သန် ပွင့်လန်းဝေဆာနိုင်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့် ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

■

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ) အကြံပြုချက်များ၊

(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄-၁၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဒေါ်နယ်ထရမ့်အစိုးရလက်ထက်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဘုံအကျိုးစီးပွားရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန် ပြောကြား




**ဗြိတိန် နိုဝင်ဘာ ၉**

ဥရောပသမဂ္ဂအနေဖြင့် ဒေါ်နယ်ထရမ့် အစိုးရလက်ထက်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဘုံအကျိုးစီးပွားရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားသည်။

နိုဝင်ဘာ ၈ ရက်တွင် ဟန်ဂေရီမြို့တော် ဘူဒါပက်စ်၌ ကျင်းပသည့် အလွတ်သဘောတွေ့ဆုံမှုတွင် အီးယူခေါင်းဆောင်များသည် အမေရိကန်အစိုးရသစ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အလားအလာများနှင့် ပတ်သက်ပြီး ဆွေးနွေးစဉ် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သည်ဥရောပသမဂ္ဂ၏ အကြီးမားဆုံးစီးပွားရေးနှင့် ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့်အတွက် အမေရိကန်အစိုးရသစ်နှင့် ဆက်ဆံရေးကောင်းမွန်စေရန်လည်း အရေးကြီးကြောင်း ဗွန်ဒါလီယန်က ဆက်လက်ပြောသည်။

ဥရောပသမဂ္ဂနှင့် ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့တို့သည် ယခင်က ကုန်သွယ်ရေးဆိုင်ရာ သဘောထားကွဲလွဲမှုများ ကြုံတွေ့ခဲ့ရပြီး တစ်ဖက်နှင့်တစ်ဖက် ထုတ်ကုန်များအပေါ် စည်းကြပ်ခွန်များ မြင့်မားစွာချမှတ်ခဲ့သည်။ လက်ရှိတွင် ထရမ့်သည် ၎င်း၏ "အမေရိကန်သည်သာ ပထမ"ဟူသည့် မူဝါဒကို ကိုင်စွဲထားကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်တွင် ဗွန်ဒါလီယန်နှင့် ထရမ့်တို့သည် တယ်လီဖုန်းမှတစ်ဆင့် အမေရိကန်မှ ဥရောပသမဂ္ဂသို့ သဘာဝဓာတ်ငွေ့အရည် တင်သွင်းမှုအပါအဝင် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ဆော်ဒီအာရေဗျနိုင်ငံ အယ်လ်ဂျပ်ဖ်ဒေသ၌ ပထမဆုံးအကြိမ် ဆီးနှင်းများကျဆင်း

**ရီယာဒ် နိုဝင်ဘာ ၉**

ဆော်ဒီအာရေဗျနိုင်ငံ အယ်လ်ဂျပ်ဖ်ဒေသ၌ နိုဝင်ဘာ ၈ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ဆီးနှင်းများကျဆင်းခဲ့ကြောင်း အင်ဒီးယန်းအိတ်စ်ပရက်စ်သတင်းဌာနသတင်းအရ သိရသည်။





ယခုဖြစ်ပွားသည့် ရာသီဥတုထူးခြားဖြစ်စဉ်သည် ဒေသ၏သွင်ပြင်လက္ခဏာကို ထူးခြားစွာ ပြောင်းလဲစေခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ပြောကြားသည်။

လူမှုမီဒီယာများတွင် ဆီးနှင်းများဖုံးလွှမ်းနေသည့် သဲကန္တာရဒေသအား ရုပ်သံဖိုင်များဖြင့် လွှင့်တင်ဖော်ပြခဲ့ရာ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များက အဆိုပါ ရာသီဥတုထူးခြားဖြစ်စဉ်ကို ကြည့်ရှုအားပေးခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုကဲ့သို့ ထူးခြားသည့် ရာသီဥတုဖြစ်စဉ်ကြောင့် မိုးသီးကြွေကျခြင်းနှင့် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်နိုင်ပြီး ခရီးသွားလာရာတွင် နှင်းများကျဆင်းမှုကြောင့် မြင်ကွင်းမရှင်းလင်းမှုများ ဖြစ်ပွားနိုင်ကြောင်း ဆော်ဒီမိုးလေဝသအေဂျင်စီက သတိပေးပြောကြားသည်။

**ကိုးကား - သည်အင်ဒီးယန်း အိတ်စ်ပရက်**

**ဘာသာပြန် - စိုးသူရ**

## ဂါဇာကမ်းမြောင်တွင် အကြောင်းပြချက်မရှိဘဲ အစ္စရေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ထားကြောင်း ယို့ဂေါလန့် ပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၉**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာကမ်းမြောင်တွင် အကြောင်းပြချက်မရှိဘဲ အစ္စရေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ထားလျက်ရှိကြောင်း ရာထူးမှဖြုတ်ချခံရသော အစ္စရေးကာကွယ်ရေးဝန်ကြီး ယို့ဂေါလန့်က ပြောကြားသည်။

ယို့ဂေါလန့်သည် ရာထူးမှ ဖြုတ်ချခံရပြီးနောက် နှစ်ရက်အကြာတွင် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသော ဓားစာခံများ၏ မိသားစုများနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ထို့ပြင် ဓားစာခံများအတွက် ငြိမ်းချမ်းရေးသဘောတူညီချက်ကို မရရှိနိုင်သည့် အကြောင်းပြချက်မရှိဟုလည်း ၎င်းက ပြောကြားခဲ့သည်။

အီဂျစ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဂါဇာကမ်းမြောင် တောင်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့များ ဆက်လက်တပ်ဖြန့်ထားရန် ခိုင်မာသည့် လုံခြုံရေးအကြောင်းပြချက်လည်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ထိုးစစ်အရှိန်မြှင့်လျက်ရှိ**

ပဋိပက္ခနှင့်ပတ်သက်၍ နေတန်ယာဟု၏ သဘောထားတင်းမာသော ချဉ်းကပ်မှုကို ပြစ်တင်ဝေဖန်မှုများ မြင့်တက်လာနေပြီး ယို့ဂေါလန့်၏ မှတ်ချက်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်အတွက် ပိုမိုအားကောင်းလာနိုင်ကြောင်း သိရသည်။ သို့သော် လက်ရှိတွင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာမြောက်ပိုင်းတွင် ၎င်းတို့၏ထိုးစစ်ကို အရှိန်မြှင့်လျက်ရှိသည်။

ဟားမတ်စ်တိုက်ခိုက်ရေးသမားများ အသုံးပြုသည့် စာသင်ကျောင်းကို လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ပါလက်စတိုင်းမီဒီယာများ၏ ပြောကြားချက်အရ ယင်းတိုက်ခိုက်မှုအတွင်း ၁၀ ဦး သေဆုံးခဲ့ပြီး အဆိုပါ အဆောက်အအုံတွင် အိုးမဲ့အိမ်မဲ့အရပ်သားများ နေထိုင်လျက်ရှိကြောင်း သိရသည်။

**စေ့စပ်ညှိနှိုင်းမှုများ ရပ်တန့်လျက်ရှိ**

အလားတူ ဂျာဘာလီယာမြို့၌ ဖုံးကြိတ်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် ၂၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများမှာ လက်ရှိအချိန်တွင် ရပ်တန့်လျက်ရှိနေကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ရှိ မီးရထားဘူတာရုံတစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ရှိ မီးရထားဘူတာရုံတစ်ခုတွင် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၅၃ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန် မီးရထားလုပ်ငန်း၏ အမှုဆောင်အရာရှိချုပ်က ပြောကြားသည်။

နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် ခွေတာမြို့တော် ကွက်တာရှိ ရထားဘူတာရုံ၏ စင်္ကြံအမှတ်(၁)တွင် Jaffar Express ရထား စတင်ထွက်ခွာချိန်တွင် အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း မီးရထားဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တပ်မတော်သားများ၊ မီးရထားရဲများနှင့် အရပ်သားခရီးသည်များ အပါအဝင် လူ ၁၀၀ ကျော်ရှိသော လူအုပ်အတွင်း အသေခံဗုံးခွဲသမားသည် ၎င်း၏ ဖောက်ခွဲရေးအင်္ကျီကို ဖောက်ခွဲခဲ့သည်ဟု သတင်းရင်းမြစ်များက ဆိုသည်။

ဗုံးဖောက်ခွဲရခြင်း၏ အဓိကပစ်မှတ်မှာ ကွက်တာမြို့၌ လေ့ကျင့်ရေးသင်တန်းပြီးဆုံးပြီးနောက် အခြားပြည်နယ်များသို့ ထွက်ခွာသွားသည့် တပ်မတော်သားများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများတွင် မီးရထားရဲအရာရှိ နှစ်ဦးပါဝင်ပြီး အမျိုးသမီး တစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် သွားရောက်ကာ အလောင်းများနှင့် ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာရစ်ဖ်သည် အဆိုပါ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကို ရှုတ်ချခဲ့ပြီး ဒဏ်ရာရသူများကို အကောင်းဆုံး ဆေးဝါးကုသမှုပေးရန် ညွှန်ကြားထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



## အာဖဂန်အစိုးရအဖွဲ့ဝင်ဟောင်း ၁၀၀၈ ဦးခန့် နေရပ်သို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် နိုဝင်ဘာ ၉**

အာဖဂန်နစ္စတန် ဆက်ဆံရေးနှင့် နေရပ်ပြန်ပို့ရေးကော်မရှင်သည် အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် နိုင်ငံသားများအား မွေးရပ်မြေ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလမှစပြီး လက်ရှိအချိန်အထိ အာဖဂန်အစိုးရအဖွဲ့ဝင်ဟောင်း ၁၀၀၈ ဦးခန့်ကို အခြားနိုင်ငံများမှ နေရပ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးပြီးဖြစ်ကြောင်း ဆက်ဆံရေးနှင့် နေရပ်ပြန်ပို့ရေး ကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူ အာမက်ဒူလာရ် ဝါဆက်က ပြောကြားသည်။

ဝန်ကြီးများ၊ ဗိုလ်ချုပ်များ၊ အုပ်ချုပ်ရေးမှူးများနှင့် တပ်မှူးများ အပါအဝင် အာဖဂန်အစိုးရအဖွဲ့ဝင်ဟောင်းများသည် ဆက်ဆံရေးနှင့် နေရပ်ပြန်ပို့ရေးကော်မရှင်၏အကူအညီဖြင့် နိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း ၎င်းကဒေသတွင်းမီဒီယာသို့ ပြောကြားသည်။

နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာသူများကို အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့ အာဏာသိမ်းပိုက်ပြီးနောက် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်ဝန်ထမ်းအများအပြား အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာခဲ့ကြသည်။

အာဖဂန်နစ္စတန်၏ အိမ်စောင့်အစိုးရသည် ၎င်းတို့၏ မွေးရပ်မြေမှ ထွက်ခွာသွားသော အာဖဂန်နိုင်ငံသားများအား နေရပ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ကူညီရန် ၂၀၂၂ ခုနှစ် ဧပြီလတွင် ဆက်ဆံရေးနှင့် နေရပ်ပြန်ပို့ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အပါအဝင်မြို့နယ် ၁၃ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၌ လည်းကောင်း၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ လည်းကောင်း စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ အတွင်း/အပြင် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကိုစုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက်သက်ဆိုင်ရာ မြို့နယ်များမှ နယ်မြေခံ တပ်မတော်သားများကဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၈၃၀၀၀)ကို လည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၅၈၃၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင် မုဒုံမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၆ ဒသမ ၀၆၅ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းကိုးမျိုး **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၁၆၅၉)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းအနီး၌ လိုင်စင်မဲ့ Mercedes Benz ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့ Hanbo Star 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၆၄ တန်၊ အခြားသစ် ၄၈ ဒသမ ၃၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၅၅၅၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့ မြောင်းမြတံတားတိုးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၂၅၅၅၉)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် မြစ်ကျိုးရွာအနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် ပဲခူးမြို့ ယာဉ်ရပ်နားဝင်းအတွင်း၌စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ Toyota Caldina ယာဉ်တစ်စီး၊ Toyota Probox ယာဉ်တစ်စီးနှင့် UD Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၄၉၇ တန်၊ သစ်မာ သုည ဒသမ ၆၆၆ တန်၊ အခြားသစ် သုည ဒသမ ၉၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၉၃၆၈) ကို သစ်တောဥပဒေအရလည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၈၀၉၃၆၈)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၅၀၉၅၈၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁၁-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | အိုဘယ့်စတော်ဘယ်ရီ |
| ၀၉:၂၀ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၅) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၂၀ | 'ထူးခြားတဲ့ကထိန်' တေးဂီတပျော်ပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၀ | This Week's Special Interest |
| ၁၃:၂၀ | MRTV National News |
| ၁၃:၅၀ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ဟိုအပျိုကိုလိုချင်လွန်းလို့' (စိန်မြင့်၊ အောင်လွင်၊ နွဲ့နွဲ့မူ) |
| ၁၆:၅၀ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၄၀ | မဟာဆန်တဲ့ယဉ်ကျေးမှုအမွေ ကချင်ရိုးရာငွေပန်းထိမ် |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | တန်ဆောင်တိုင်တေးများ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၉) |
| ၂၀:၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၁၀ | ဘဝနှင့်အနုပညာ 'ချိုသံသာတေးအလှုဝေဖြာ' (အပိုင်း-၂) 'တေးသံရှင်-စည်သူထား' |
| ၂၁:၃၅ | ဆေးရောင်စုံရုပ်ရှင် 'သားသမီးဝန်းကြင်ယာ' (ကျော်ရဲအောင်၊ ဇော်ဇော်အောင်၊ ယမုံဝင်) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal) |
| 07:09 | Myanmar Traditional Food: Mohinga |
| 07:29 | Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-4) King Parrot Got Trapped While Searching for Food |
| 08:01 | News |
| 08:27 | Lisu Village Resort |
| 08:28 | Myanmar Traditional Cart Business |
| 09:01 | Let's Explore Organic Farming |
| 09:48 | Today Myanmar |
| 10:01 | News |
| 10:28 | Topics Potpourri; Himalayan Honey Hunters Face Climate Crisis |
| 10:33 | Perspectives; Cost of having no standards |
| 11:01 | The National Traditional Rowing Team |
| 11:12 | Weekly Review |

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
တောင်ယာထမင်းဟင်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
တစ်နိုင်တစ်ပိုင် စပျစ်စိုက်ခင်းဆီ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိ မော်ချီးသတ္တုတွင်း

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၆)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ထီလာပုဂံ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ချိုအေးမွှေးတဲ့အုန်းမွှေးလုံး

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ရမ္မာမြို့ကာမီးကြာလှည့်

**ချင်း (ခိုး) (၁၆:၀၀ မှ ၁၇:၀၀)**
အလှပန်းစုံညီချင်းတောင်ဆီ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ပို့ငှက်ကမ်းခြေသို့အလည်သွားကြမယ်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းမုန့်တီချက်နည်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၄၅ | Save Our Planet Program |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၄:၁၅ | News Desk |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၄၅ | Football Highlights |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၁၇:၀၅ | အဖွင့်၊ အလံ |
| ၁၇:၀၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၁၇:၀၅ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၇:၀၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးတဲ့ နိုင်ငံများအကြောင်း' |
| ၁၇:၀၅ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ' |
| ၁၇:၀၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၉) |

**MRTV FARMERS' HTV Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၀ | သုတပဒေသာစိုက်ပျိုးနည်းပညာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၀:၂၀ | Yoga |
| ၁၀:၃၅ | Rose Tour |
| ၁၉:၀၀ | A day in the Life as a Full Time farming & Vlogging Family |
| ၁၉:၄၅ | International Music Hit |
| ၂၂:၀၀ | A Little Thing Called Love |

**MRTV SPORTS HTV Sports**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Weekly Sports Info |
| ၀၇:၄၅ | Weekend News |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၀:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ယာဉ်မတော်တဆမှုကင်းစေဖို့ သတိပြုမောင်းနှင်စို့

**အောင်ထက်လင်း (ကြိမ်ချောင်း)**

❛ယာဉ်မတော်တဆမှုကြောင့် သေဆုံးရမှုများတွင် အရှေ့တောင်အာရှဒေသက ထိပ်ဆုံးသို့ ရောက်ရှိနေသည်။ ကမ္ဘာတစ်ဝန်းတွင် ယာဉ်စီးရေနှင့် ယာဉ်သုံးစွဲမှု တိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကလည်း ကြီးထွားလာလျက်ရှိရာ ကမ္ဘာတစ်ဝန်း၌ ဆယ်စုနှစ်အလိုက် စီမံချက်များချမှတ်ကာ ဟန့်တားထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများနှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုဟူ၍ မဏ္ဍိုင်ကြီးငါးရပ်ကို အခြေပြုကာ အကောင်အထည်ဖော်လျက်ရှိ❜

နိုင်ငံတစ်ဝန်း၌ နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆဖြစ်မှု များပြားလာပြီး သေဆုံး၊ ဒဏ်ရာရသူများရှိခဲ့ကြောင်း သတင်းများ၌ တွေ့မြင်နေရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ ယာဉ်မတော်တဆမှုများသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားလေ့ရှိသော်လည်း ယင်းဖြစ်စဉ်များသည် ယာဉ်မောင်းသူများ၏ အပြုအမူနှင့်တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုဖြစ်စဉ်များကို ဆန်းစစ်ကြည့်ပါက အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ အရက်နှင့်အခြားသော စိတ်ပိုင်းဆိုင်ရာပြဿနာတစ်ခုခု၏ လွှမ်းမိုးမှုအောက်တွင် မောင်းနှင်နေခြင်း၊ အန္တရာယ်မကင်းသည့်ယာဉ်ဖြစ်ခြင်း၊ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်နေစဉ် မော်တော်ယာဉ်ဘီးပေါက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာခြင်းတို့က အခြေခံအကြောင်းရင်းများဖြစ်သည်။ ထို့အတူ ယာဉ်ဒီဇိုင်း၊ လမ်းဒီဇိုင်း၊ အရှိန်အဟုန်၊ ရာသီဥတု၊ လမ်းပတ်ဝန်းကျင်၊ ယာဉ်မောင်းကျွမ်းကျင်မှု၊ ထိုင်ခုံခါးပတ်များကို မတပ်ဆင်မှု၊ မောင်းနှင်နေစဉ် မိုဘိုင်းဖုန်းခေါ်ဆိုလာမှုကြောင့် စိတ်ထွေပြားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့သည်လည်း ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများအဖြစ် ပါဝင်နေသည်။

**မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ**

ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၏ အကြောင်းရင်းကို လေ့လာပါက ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုသည် ၂၂ ဒသမ ၈ ရာခိုင်နှုန်း၊ အကြမ်းဖက်မှုများကြောင့် ၁၀ ဒသမ ၈ ရာခိုင်နှုန်း၊ အခြားအကြောင်းရင်းများကြောင့် ၁၈ ဒသမ ၁ ရာခိုင်နှုန်းခန့်နှင့် စစ်ပွဲများကြောင့် ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိသည်။ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုက အများဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိကြောင်း ထုတ်ပြန်ထားသည်။ ယာဉ်မတော်တဆဖြစ်မှုသည် လူတိုင်း၏ လက်တစ်ကမ်းအကွာတွင်ရှိနေသော ဘေးအန္တရာယ်ဖြစ်သည်။ ထို့ပြင် ယာဉ်မတော်တဆဖြစ်မှုများသည် လူတစ်ဦးချင်းသာမက မိသားစုဝင်များနှင့် တိုင်းပြည်၏ လူမှုစီးပွားဘဝ ဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်စေသည်။ ထိုသို့ဆုံးရှုံးမှုများတွင် ဆေးဝါးကုသမှုစရိတ်အပြင် ဒဏ်ရာကြောင့် သေဆုံးခြင်းသို့မဟုတ် မသန်စွမ်းဖြစ်မှုများအတွက် ကုန်ထုတ်စွမ်းအား ဆုံးရှုံးခြင်းနှင့် ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ရန် အချိန်ပေးရခြင်းတို့ကြောင့် မိသားစုဝင်များအတွက် ဆုံးရှုံးမှုပိုများစေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ၂၀၂၂ ခုနှစ်ထုတ် ကမ္ဘာတစ်ဝန်း လမ်းဘေးကင်းလုံခြုံမှုဆိုင်ရာ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းရှိ လမ်းမများပေါ်၌ မတော်တဆဖြစ်မှုများကြောင့် နှစ်စဉ် လူဦးရေ ၁ ဒသမ ၃၅ သန်းအထိ အသက်ဆုံးရှုံးနေရပြီး လူသန်းပေါင်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေသည်ဟု ထုတ်ပြန်ထားသည်။ ယာဉ်မတော်တဆမှုသည် အသက်ငါးနှစ်မှ ၂၉ နှစ်အကြား ကလေးငယ်များနှင့် လူငယ်များ သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပြီး ကမ္ဘာပေါ်ရှိ ကလေးများနှင့် လူငယ်များ၏ ထိပ်တန်းလူသတ်သမားဖြစ်နေသည်။ နိုင်ငံအများစုသည် လမ်းမတော်တဆမှုများကြောင့် ၎င်းတို့၏ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ သုံးရာခိုင်နှုန်းကို ဆုံးရှုံးစေလျက်ရှိကြောင်း ဖော်ပြထားသည်။

❛သုတေသနစစ်တမ်းများအရ ယာဉ်မောင်းနေစဉ် စာတိုပေးပို့သော ယာဉ်မောင်းများသည် စာတိုပေးပို့ခြင်းမရှိသော ယာဉ်မောင်းများထက် ယာဉ်တိုက်မှု ၂၃ ဆ ဖြစ်ပွားနိုင်ခြေပိုများသည်။ ယာဉ်မောင်းနေစဉ် ဖုန်းခေါ်ဆိုခြင်းသည် အန္တရာယ်အရှိဆုံးနှင့် အနှောင့်အယှက်ဖြစ်ပြီး စာဖတ်ခြင်း သို့မဟုတ် စာရေးခြင်းတို့ကြောင့်လည်း ယာဉ်တိုက်မှုဖြစ်နိုင်ခြေ ၁၀ ဆ တိုးလာစေသည်။ မိမိ၏ဖုန်းကို တစ်ချက်ကြည့်လိုက်ရန် စက္ကန့်ပိုင်းမျှသာ ကြာနိုင်သော်လည်း မိမိ၏ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် မောင်းနှင်နေပါက ယာဉ်မတော်တဆ ဖြစ်ပွားနိုင်ခြေပိုများနိုင်ကြောင်း သိရသည်။ မြန်နှုန်းတိုးလေ ယာဉ်မတော်တဆမှုဖြစ်ပွားနှုန်း ပိုများနိုင်လေဖြစ်❜

ယာဉ်မတော်တဆမှုများကို ကာကွယ်နိုင်ရန်အတွက် ခရီးစတင်မထွက်ခွာမီ ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်း၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ခြင်း၊ အိပ်ရေးဝဝအိပ်ပြီးမှ မောင်းနှင်ခြင်းအပြင် အချိန် ရှစ်နာရီထက်ပိုကြာအောင် မောင်းနှင်ရမည့်ခရီးဖြစ်ပါက ယာဉ်မောင်းနှစ်ဦးအထိ လိုက်ပါမောင်းနှင်ခြင်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သတိပေးချက်များကိုလည်း ထုတ်ပြန်ထားသည်။ ယာဉ်မတော်တဆဖြစ်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားရန်၊ ထိုမှတစ်ဆင့် လုံးဝပပျောက်သွားစေရန်ရည်ရွယ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ (၂၀၂၁-၂၀၃၀)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးရမှုများတွင် အရှေ့တောင်အာရှဒေသက ထိပ်ဆုံးသို့ ရောက်ရှိနေသည်။ ကမ္ဘာတစ်ဝန်းတွင် ယာဉ်စီးရေနှင့် ယာဉ်သုံးစွဲမှု တိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကလည်း ကြီးထွားလာလျက်ရှိရာ ကမ္ဘာတစ်ဝန်း၌ ဆယ်စုနှစ်အလိုက် စီမံချက်များချမှတ်ကာ ဟန့်တားထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများနှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုဟူ၍ မဏ္ဍိုင်ကြီး ငါးရပ်ကိုအခြေပြုကာ အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ယာဉ်တိုက်မှုဖြင့်သေဆုံး၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းသူများသိရှိလိုက်နာစေရန် အစီအမံငါးရပ်ဖြစ်သော (၁) မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး၊ (၂) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရေး၊ (၃) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်မောင်းနှင်ခြင်းမရှိစေရေး၊ (၄) မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်ရေး၊ (၅) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိစေရေးတို့ကို ချမှတ်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ယာဉ်မောင်းများအနေဖြင့် ယာဉ်မောင်းနှင်စဉ်အတွင်း ဆေးလိပ်သောက်ခြင်း၊ ဖုန်းပြောဆိုခြင်းများ တွေ့ရှိပါက တိုင်ကြားနိုင်ပြီး လိုက်နာမှုမရှိသည့် ယာဉ်မောင်းများကို ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ ဒဏ်ရိုက်ကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ သိရသည်။ ယာဉ်အန္တရာယ်ဖြစ်ပွားမှု မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် တစ်ရက်လျှင် ၁၄ ဒသမ ၈ ဦးနှုန်း သေဆုံးလျက်ရှိသည်။ သက်ဆိုင်ရာက Quick Win စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ယာဉ်မောင်းစဉ် ဖုန်းအသုံးပြုပါက ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ ချမှတ်နိုင်သည့် စည်းကမ်းချက်လည်းပါဝင်သည်။ ရန်ကုန်မြို့တော်တစ်ခွင် မောင်းနှင်နေကြသော ယာဉ်မောင်းအများစုသည် အဆိုပါစည်းကမ်းချက်ကို လိုက်နာမှု အားနည်းနေကြဆဲဖြစ်သည်။

**ဖုန်းပြောခြင်းနှင့် စာတိုပေးပို့ခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် ကမ္ဘာတစ်ဝန်း လမ်းဘေးကင်းလုံခြုံမှုဆိုင်ရာ အစီရင်ခံစာက လမ်းမများပေါ်၌ မတော်တဆဖြစ်မှုများကြောင့် သေဆုံးမှုအရေအတွက်သည် တစ်နှစ်လျှင် ၁ ဒသမ ၁၉ သန်းသို့ အနည်းငယ်ကျဆင်းသွားသော်လည်း တစ်မိနစ်လျှင် လူနှစ်ဦးထက်မနည်း သေဆုံးနေသေးကြောင်း ဖော်ပြထားသည်။ ယာဉ်မတော်တဆဖြစ်မှုကို လျှော့ချရာ၌ ယာဉ်မောင်းသူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုနှင့် ယာဉ်မောင်းနှင်စဉ် ရှောင်ကြဉ်ရမည့်အချက်များကို အလေးထားမှုတို့မှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ သုတေသနစစ်တမ်းများအရ ယာဉ်မောင်းနေစဉ် စာတိုပေးပို့သော ယာဉ်မောင်းများသည် စာတိုပေးပို့ခြင်းမရှိသော ယာဉ်မောင်းများထက် ယာဉ်တိုက်မှု ၂၃ ဆ ဖြစ်ပွားနိုင်ခြေပိုများသည်။ ယာဉ်မောင်းနေစဉ် ဖုန်းခေါ်ဆိုခြင်းသည် အန္တရာယ်အရှိဆုံးနှင့် အနှောင့်အယှက်ဖြစ်ပြီး စာဖတ်ခြင်းသို့မဟုတ် စာရေးခြင်းတို့ကြောင့်လည်း ယာဉ်တိုက်မှု ဖြစ်နိုင်ခြေ ၁၀ ဆ တိုးလာစေသည်။ မိမိ၏ဖုန်းကို တစ်ချက်ကြည့်လိုက်ရန် စက္ကန့်ပိုင်းမျှသာ ကြာနိုင်သော်လည်း မိမိ၏ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် မောင်းနှင်နေပါက ယာဉ်မတော်တဆ ဖြစ်ပွားနိုင်ခြေပိုများနိုင်ကြောင်း သိရသည်။ မြန်နှုန်းတိုးလေ ယာဉ်မတော်တဆမှုဖြစ်ပွားနှုန်း ပိုများနိုင်လေဖြစ်သည်။ ယာဉ်မောင်းတစ်ဦးသည် ယာဉ်မောင်းနှင်မှုဆိုင်ရာ အခြေခံစံနှုန်းများကို ဖောက်ဖျက်ပါက ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများ၏ အသက်အန္တရာယ်ကို သိသိသာသာမြင့်တက်လာမည်ဖြစ်သည်။ ယာဉ်မောင်းသူများအနေဖြင့် ယာဉ်မောင်းနှင်နေစဉ် ဖုန်းပြောခြင်းနှင့် စာတိုပေးပို့ခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

ယာဉ်မတော်တဆမှုကို လျှော့ချနိုင်ရန်မှာ ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အသက်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာရန်မှတစ်ပါး အခြားမရှိပေ။ စည်းကမ်းပျက်ယာဉ်များကို ထိရောက်စွာအရေးယူရန်လိုအပ်သကဲ့သို့ လုံခြုံစိတ်ချရမှုမရှိသည့် လမ်းပိုင်းအချို့အား အချိန်မီပြုပြင်ထိန်းသိမ်းခြင်းကိုလည်း အလေးထားလုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ၂၀၂၂ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ နိုင်ငံအတွင်း ယာဉ်တိုက်မှုဖြစ်စဉ်များကို ခွဲခြမ်းစိတ်ဖြာရာတွင် လူ့ပယောဂကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုသည် ၉၄ ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများကို လျှော့ချနိုင်ရန်အတွက် ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အသက်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဆင်ပေါင်ဝဲမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၉**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ဆင်ပေါင်ဝဲ)၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့နှင့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့ပြီး ကျောင်းအတွင်းရှိ ခင်းကျင်းပြသထားသည့် ဂိမ်းကစားပြိုင်ပွဲများ၊ ကျောင်းစာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာပေဟောပြောပွဲတွင် ပါဝင်ကူညီခဲ့သည့် စာရေးဆရာ ဦးစက်အောင်အား အမှတ်တရလက်ဆောင်ပေးအပ်ကာ ကျောင်းစာကြည့်တိုက် အတွက် သုတ၊ ရသစာအုပ်စာစောင်များလှူဒါန်း၍ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဦးကြင်ဥစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က စာကြည့်တိုက်အဆောက်အအုံအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ၊ ပရိဘောဂများ ဖြည့်တင်းထားရှိမှုနှင့် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်းသိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# မဟာအောင်မြေမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အလင်းတန်းကိုယ်ပိုင် အထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၁ နာရီက ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ပညာ၏ တန်ဖိုးနှင့်စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတ၊ ရသ စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တာမွေမြို့နယ်၌ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် "လမင်းသာ" ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်ရှိ "လမင်းသာ" ကိုယ်ပိုင်အထက်တန်းကျောင်း စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာမွေမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ "လမင်းသာ" ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အခမ်းအနားသို့တက်ရောက်လာကြသောကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အခြေခံပညာ မူလတန်းကျောင်း(ရောဝဏ်)၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ကျောင်းစာအပြင် သုတ/ရသစာအုပ်များဖတ်ရှုခြင်းဖြင့် ဗဟုသုတများစွာရရှိပြီး အကျိုးကျေးဇူးများစွာရရှိကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်းသိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# ကျောက်ဆည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



**ကျောက်ဆည် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက တိုးတက်သောလူတိုင်းသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း၊ ဘက်စုံထူးချွန်စေရေး အားလပ်ချိန်များတွင် စာအုပ်စာပေများဖတ်ရှုသွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသစာအုပ်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့ | ကောင်းမွန် | | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| | ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| | ၄ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | | | | | |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# တိုက်ကြီးမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင် ၃၀၀ အား ကွင်းဆင်းကုသ

**ရန်ကုန် နိုဝင်ဘာ ၉**

တိုက်ကြီးမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက လှိုင်သာယာမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ မျက်စိဆရာဝန်ကြီးများက သွားရောက် ကွင်းဆင်းကုသပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် "မရှိ၍မလင်းသူမရှိစေရ" အစီအစဉ်ဖြင့် တိုက်ကြီးမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင် ၃၀၀ အား လှိုင်သာယာမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ မျက်စိ ဆရာဝန်ကြီးများက တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ မျက်စိလာရောက်ကုသပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လာရောက်ကြည့်ရှု၍ လိုအပ်သည့် ဆေးဝါးများနှင့် ထမင်းဘူး၊ ရေသန့်ဘူး၊ မုန့်နှင့် အအေးများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဗုဒ္ဓမျက်စိ




ဒါရိုက်တာ ဇွန်မောင်မောင်ရေးသားသည့် ဗုဒ္ဓမျက်စိစာအုပ်ထွက်ရှိလာသည်။

ကိုယ်တိုင်ငြိမ်းချမ်းမှုကို ရရှိခြင်းသည် အရာခပ်သိမ်းသော လူ့လောကဆိုင်ရာ တောင့်တမှုများအလုံးစုံတို့ကို ရရှိခြင်းပင်ဖြစ်သည်။

တောင့်တမှုများအလုံးစုံအတွက် စိတ်ကျေနပ်ခြင်း၊ ပြည့်စုံခြင်းအလုံးစုံတို့သည် မေတ္တာတရားကိုရှေးရှုထားလျက် သစ္စာမပျက်၊ လူသားအချင်းချင်း ချစ်ခင်လေးစား၍ တရားဘာဝနာများကို ဆတိုးပွားခြင်းဖြင့် မိမိတို့၏အစွမ်းပကား(ပါဝါ)၊ မိမိတို့၏ ပညာပါရမီ၊ ကျင့်ကြံအားထုတ်မှု 'လောဘ- ဒေါသ- မောဟ- ထာဝရ၊ သယံဇာတဖြစ်ခြင်း'၊ ပျက်ခြင်း၊ ထွက်သက်၊ ဝင်သက်ကို ကိုယ်တွင်းရှိစိတ်အသိဖြင့် သိခြင်း၊ မြင်ခြင်း၊ ဆင်ခြင်ခြင်းပင်ဖြစ်သည်။

ထိုစွမ်းပကားများကိုမရရှိနိုင်လျှင် ငွေကြေး၊ စည်းစိမ်၊ ချမ်းသာမှုနှင့်အတူ ဂုဏ်သိက္ခာ၊ ရာထူးအာဏာမည်မျှမြင့်မားကြီးကျယ်သည်ဖြစ်စေ၊ စိတ်ကျေနပ်မှုနှင့် စိတ်ချမ်းသာမှုကို မည်သည့်အခါမျှရရှိနိုင်ကြလိမ့်မည် မဟုတ်ပေ။

ဤလူ့လောက၌ မိမိတို့လုပ်ဆောင်ကြရန်ရှိသည်တို့ကို စိတ်ဓာတ်ကြံ့ခိုင်စွာ ဖွဲလုံ့လစိုက်၍ အားသစ်အင်သစ်အပြည့်ဖြင့် လုပ်ဆောင်ကြပါ။ မိမိလုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို ဘဝပေးတာဝန်အဖြစ် ခံယူကြပါ။ နေ့စဉ်နေ့တိုင်း အချိန်မှန်မှန်ကမ္မဋ္ဌာန်းထိုင်ကြပါ။ မိမိကိုယ်မိမိ အလုပ်အကျွေးပြုနိုင်ရန်အတွက် လူ့လောကကို အလုပ်အကျွေးပြုနိုင်ရန် ပိုမိုများပြားရှုပ်ထွေးသော လူမှုရေးတာဝန်များကို လောကုတ္တရာ တရားပွားများလျက် ကျင့်ကြံအားထုတ်မှုများနှင့်အတူ ပညာဉာဏ်အသိတရား ဆင်ခြင်ဆုံးဖြတ် နည်းမှန်လမ်းမှန် ကြိုးစားအားထုတ်နိုင်လျှင် ငြိမ်းချမ်းသောဘဝခရီးကို စိတ်အေးချမ်းသာမှုများစွာဖြင့် ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

စာအုပ်ကို ကိုလတ်စာပေ၊ အမှတ်(၂၂၀)၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၃၄၃၈မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်




နေမင်းသန်း (မဲခေါင်စာပေဆုရ) ရေးဖွဲ့ပြီး ပါမောက္ခ ဒေါက်တာဇော်ထွန်း (ဇော်ထွန်း) အင်္ဂလိပ်ဘာသာပြန်ဆိုသည့် သီကုံးပန်ဆင်ကဗျာဗုဒ္ဓဝင်စာအုပ် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထွက်ရှိလာသည်။

ဗုဒ္ဓဝင်စာပေများကို လေ့လာရာတွင် ကဗျာလင်္ကာဖြင့် ရေးဖွဲ့ထားမှုမှာ မရှိသလောက်နည်းပါးလှသဖြင့် ကျွမ်းကျင်ရာလိမ္မာဆိုသလို စာရေးသူအားသန်ရာကဗျာပုံစံဖြင့် ရေးဖွဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ စာရေးသူသည် ဗုဒ္ဓဝင်ဖြစ်စဉ်အကျဉ်းကို လေးချိုး (လေးဆစ်) ကဗျာဖွဲ့နည်းဖြင့် သီကုံးပန်ဆင်ကဗျာဗုဒ္ဓဝင် အမည်ပေး ရေးဖွဲ့ရခြင်းဖြစ်သည်။

ထိုသို့ရေးဖွဲ့ရာတွင် ဗုဒ္ဓဝင်မှ အရေးကြီးသည့်အဖြစ်အပျက်၊ အကြောင်းအရာများ မကျန်ရလေအောင် အထူးဂရုပြုရသည်။ အထူးသဖြင့် အများပြည်သူလေ့လာသိရှိထိုက်သောအချက်အလက်များကို ဦးစားပေးရသည်။ ကဗျာဖြင့် အကြောင်းအရာအဖြစ်အပျက်အသေးစိတ်ရေးသားရန်မှာ မဖြစ်နိုင်ဘဲ ဖြစ်စဉ်အကျဉ်းကိုသာ ပုံပေါ်အောင်ရေးဖွဲ့ရခြင်းဖြစ်သည်။ ဗုဒ္ဓဝင်ကို ဖြစ်စဉ်တစ်ခုချင်းအလိုက်ဖြစ်စေ၊ ဝါဆိုစဉ်အလိုက်ဖြစ်စေ ပြည့်စုံစွာရေးသားရန်မှာမူ မဖြစ်နိုင်ပေ။

စာရေးသူ၏ဆောင်ရွက်ချက်သည် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ ရေတစ်ပေါက်မျှ အကျိုးဖြစ်ထွန်းမည်ဆိုပါက များစွာကျေနပ်ဝမ်းမြောက်မိပါသည်။

စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ၊ အမှတ် (၁၂)၊ လမ်း(၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ဖုန်း-၀၉ -၂၂၂၈၂၄၇ မှ ဓမ္မဒါနလှူဒါန်းသည်။

# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၁ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ် ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။




ပုံ (၂)၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။

**၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၀ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၁ |
| ၅ | မိုင်းဆတ် | ၆.၆ |
| ၆ | ကျိုင်းတုံ | ၇.၂ |
| ၇ | စစ်ကိုင်း | ၆.၉ |
| ၈ | ဟုမ္မလင်း | ၇.၁ |
| ၉ | ညောင်ဦး | ၆.၈ |
| ၁၀ | မုံရွာ | ၆.၈ |
| ၁၁ | ပျဉ်းမနား | ၆.၉ |
| ၁၂ | ပြင်ဦးလွင် | ၇.၀ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၄ | မော်ဘီ | ၆.၅ |
| ၁၅ | မကွေး | ၇.၀ |
| ၁၆ | အောင်လံ | ၆.၇ |
| ၁၇ | စစ်တွေ | ၆.၉ |
| ၁၈ | ကျောက်ဖြူ | ၆.၅ |
| ၁၉ | ပြည် | ၆.၆ |
| ၂၀ | ပဲခူး | ၆.၈ |
| ၂၁ | တောင်ငူ | ၆.၆ |
| ၂၂ | ပုသိမ် | ၇.၀ |
| ၂၃ | မအူပင် | ၇.၁ |
| ၂၄ | ဟသ်ာတ | ၆.၉ |
| ၂၅ | မော်လမြိုင် | ၇.၀ |
| ၂၆ | ဘီးလင်း | ၆.၇ |
| ၂၇ | ဘားအံ | ၆.၈ |
| ၂၈ | ကော့ကရိတ် | ၇.၀ |
| ၂၉ | ထားဝယ် | ၇.၀ |
| ၃၀ | မြိတ် | ၆.၉ |
| ၃၁ | ကော့သောင်း | ၇.၃ |

ဝတ္ထုတို

# အမှန်တရား




## ✻ ပိုင်ဆု(ပညာရေး)

(၁)

"ကျောင်းဆရာ ကျောင်းဆရာ"

အချိန်မတော်ကြီး အိမ်ရှေ့မှခေါ်သံကြောင့် လက်နှိပ်ဓာတ်မီးကိုယူပြီး အပြင်ထွက်ရန်ပြင်လိုက်သည်။ အသံပိုင်ရှင်သည် ဦးကျော်သောင်းမှလွဲ၍ မည်သူမျှမဖြစ်နိုင်မှန်း သူသိပါသည်။ တစ်ရွာလုံးတွင်သူ့အား ကျောင်းဆရာဟုခေါ်သည်မှာ ဦးကျော်သောင်းတစ်ဦးတည်းပင်ရှိသည်။ တံခါးမဖွင့်မီ နာရီကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီထိုးရန် ငါးမိနစ်သာလိုတော့သည်။

"ဦးကျော်သောင်း အချိန်မတော်ကြီး ဗျာ ဘာကိစ္စရှိလို့တုံး"

"သူရအောင်နဲ့ ပြည့်ဖြိုးဝေ ကျောင်းဆရာဆီမှာရှိတယ်မလား၊ ခေါ်ပေးစမ်းပါ"

ဦးကျော်သောင်း၏ အသံသည် အမိန့်ပေးသံ ပေါက်နေသောကြောင့် ဒေါသ အနည်းငယ်ထွက်သွားသည်။ ရွာကျောင်းဝင်းထဲမှာပင် နေထိုင်သောသူ့ကို ပြည့်ဖြိုးဝေနှင့် သူရအောင် ကျောင်းသားနှစ်ယောက်က အဖော်လာနေပေးကြသည်။ ကလေးနှစ်ယောက်လုံးသည် ဖခင်ကိုယ်စီမရှိကြတော့သလို မိခင်များမှာလည်း မြို့တက်အလုပ်လုပ်ကြသဖြင့် သူကပင် ကျောင်းစရောက်သည့်နှစ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။

"ဦးကျော်သောင်း စကားကို အေးအေးဆေးဆေးပြောပါဗျာ၊ ကလေးတွေ စာကျက်ပြီး ပင်ပန်းလို့အိပ်နေကြပြီ ပြောစရာရှိတာကျုပ်ကိုပြော"

"ပြောလို့မရဘူး၊ ဒီသူခိုးနှစ်ကောင်ကို အခုတွေ့ပြီး ရွာလူကြီးဆီအပ်ဖို့လာတာ၊ ကဲပါ ခေါ်လိုက်စမ်းပါ"

"မဟုတ်သေးဘူးလေဗျာ၊ ကဲ ကလေးတွေက ခိုးတယ်ဆိုတော့ ဦးကျော်သောင်း ဘာပစ္စည်းပျောက်လို့လဲ"

"ဘာပျောက်ရမှာလဲ၊ ကျုပ်ငါးကန်က ငါးတွေ ဒီနှစ်ကောင်ခိုးသွားတာလေ"

"ဘယ်တုန်းကလဲ"

"ခုညကပဲ"

"ဟာမဖြစ်နိုင်တာ၊ ဒီတစ်ညလုံး သူတို့ကျုပ်နဲ့အတူရှိပါတယ်၊ သူတို့စာကျက်နေတာ မယုံရင်လာကြည့် သူတို့အိပ်နေပြီ"

ဦးကျော်သောင်းနှင့် အဖော်ပါလာသောလူသည်သူ့အိမ်ပေါ်သို့ကမန်းကတန်းတက်လာတော့သည်။ သူသည်ကျောင်းဝင်းထဲမှာနေသည်ဆိုပေမယ့် ကျောင်းသည် ရွာကျောင်းဖြစ်သည့်အတွက် စည်းရိုးမရှိသောကြောင့် ဝင်ချင်တိုင်းဝင်လို့ရနေသည်။

"ဟာ ကိုကျော်သောင်း ဒီမှာငါးကြီး ခင်ဗျားကန်ကငါးကြီး"

အဖော်ပါလာသောလူ၏ အသံကြောင့် သူရော ဦးကျော်သောင်းပါ ထိုနေရာသို့ ရောက်သွားတော့သည်။ အိမ်နောက်ဖေး စားပွဲခုံပေါ်တွင် အသက်မဲ့နေသောမွေးမြူရေးငါးကြီးတစ်ကောင်။ အိမ်နောက်ဖေး တံခါးကလည်း ဖွင့်လျက်သား။

"ဩော်ကျောင်းဆရာ ခင်ဗျားပြောတော့ မခိုးဘူးဆို၊ အခုတော့ ခင်ဗျားကပါ သူခိုးလက်ခံဖြစ်နေတာကိုး၊ ကဲကဲ ဒီလောက်ဆိုကျုပ်နားလည်ပြီ မနက်မှ ရွာလူကြီးဆီမှာ ရှင်းကြတာပေါ့"

ဦးကျော်သောင်းသည် ငါးကြီးကိုကိုင်ကာ အောင်နိုင်သူအပြုံးဖြင့် ပြန်ထွက်သွားတော့သည်။ သူကသာ ဝေခွဲမရသော အံ့ဩခြင်းများဖြင့် ကျန်ခဲ့ရတော့သည်။ ကလေးနှစ်ယောက်ကတော့ ဘာမျှမသိဘဲ အိပ်မောကျကောင်းနေဆဲပင်ဖြစ်သည်။

(၂)

သူရအောင်နှင့်ပြည့်ဖြိုးဝေ နှစ်ယောက်သားသည် သူ၏ရှေ့တွင် မျက်နှာငယ်ကိုယ်စီဖြင့် ရပ်နေကြသည်။

"ကဲ မင်းတို့ ငါးကန်ကို မသွားတာ တကယ်သေချာလား"

"သေချာပါတယ်ဆရာရယ်၊ သားတို့ စာကျက်နေတာ ဆရာ့ရှေ့မှာပဲလေ၊ သားတို့အရင်က ငါးကန်က ငါးတွေခိုးခဲ့တာ မှန်ပါတယ်၊ ဆရာ ဆုံးမပြီးကတည်းက သားတို့ဘာမျှမလုပ်တော့တာ ဆရာ အသိပဲလေ"

ပြည့်ဖြိုးဝေပြောသည်မှာ မှန်သည်မို့ သူလည်း စဉ်းစားရကျပ်နေသည်။ နောက်ဖေးတံခါးပွင့်နေသည့် ကိစ္စကတော့ ညက သူရအောင် အပေါ့ထွက်သွားပြီး ပိတ်ရန်မေ့ခဲ့သည် ဆိုသောကြောင့် ရှင်းသွားသည်။ သို့သော် အိမ်ထဲရောက်နေသောငါးကြီးကတော့ ဘာကြောင့်မှန်းမသိ အတွေးခက်စေပြန်သည်။ ဦးကျော်သောင်းသည် နဂိုကတည်းက သူ့အပေါ် အမြင်ကြည်လှသည်မဟုတ်။ ဘာကြောင့်မှန်းတော့မသိပေ။ ယခင် ကျောင်းဆရာ ဆရာမတွေ လက်ထက်ကတည်းက ဦးကျော်သောင်းသည် ကျောင်းကိစ္စကို အမြဲဦးဆောင်၍ ပံ့ပိုးပေးခဲ့သည်။ သူရောက်လာတော့ ကျောင်းကိစ္စကို သူကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။ ကျောင်းအုပ်လည်းမရှိသောကြောင့် တာဝန်ခံလုပ်ခဲ့ရသည်။ ယင်းကိုပင် ဦးကျော်သောင်း မကျေနပ်ခြင်းပင် ဖြစ်ပေလိမ့်မည်။

"ဆရာ ဆရာ့ကို သားတို့တောင်းပန်ပါတယ်"

"ဘာလို့လဲ သူရအောင်ရဲ့"

"သားတို့ကြောင့် အခု ဆရာ့ကိုပါ ထိခိုက်သလိုဖြစ်နေပြီလေ။ အခု သားတို့ မလုပ်တော့ပေမယ့် အရင်ကလုပ်ခဲ့တဲ့ အမှားကြောင့် အခုအချိန်အထိ စွပ်စွဲခံနေရတာလေ၊သားတို့အခုခိုးတယ်ဝန်ခံပြီး ရွာလူကြီးအဘပေးတဲ့ အပြစ်ခံလိုက်မယ်လေ၊ ဒါဆို ဆရာလည်း ခေါင်းရှုပ်စရာ မလိုတော့ဘူးလေ"

"ဟုတ်တယ်ဆရာ သူရအောင် ပြောတာမှန်တယ်"

"ဝန်ခံစရာမလိုပါဘူးကွာ၊ ငါ့တပည့်တွေမှမခိုးတာ၊ ဘာမှစိတ်မပူပါနဲ့ကွာ၊ ကဲဆရာ ရွာလူကြီးအိမ်ဘက် သွားလိုက်ဦးမယ်၊ မင်းတို့ ဒီမှာပဲစောင့်နေကြ"

ငါးတန်းကျောင်းသားတွေ ဖြစ်ပေမယ့် ဆရာ့အပေါ်နားလည်တတ်ပြီး အနစ်နာခံလိုစိတ်ရှိကြသူတွေကြောင့် သူ စိတ်ညစ်နေသည့်ကြားမှပင် ပီတိဖြစ်ခဲ့ရသည်။ ထို့နောက် ရွာလမ်းမအတိုင်း ရွာလူကြီးအိမ်သို့ ထွက်ခဲ့တော့သည်။ ရွာထဲရှိ လူအချို့၏ သူ့အပေါ်ကြည့်နေကြသော သံသယမျက်လုံးများကို ဂရုမစိုက်ဘဲ ပုံမှန်သာဆက်လျှောက်ခဲ့တော့သည်။

(၃)

"ဆရာပြည့်စုံ ရောက်လာပြီကိုး၊ ကြွပါကြွပါဆရာ"

ရွာလူကြီးအဘထွန်းဇံသည် သူ့အား တလေးတစားပင် ကြိုဆိုနေတော့သည်။ အဘ၏ဘေးတွင်ဦးကျော်သောင်းကတော့ ခပ်တည်တည်ထိုင်နေသည်။ ဦးကျော်သောင်း၏ဘေးတွင် ထိုင်နေသော ကိုသံချောင်းကတော့ သူ့အား အားနာပါးနာဖြင့် ပြုံးပြသောကြောင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး သူတို့ထိုင်နေကြသည့် သင်ဖြူးဖျာပေါ်သို့ ဝင်ထိုင်လိုက်သည်။

"ကဲ ဆရာပြည့်စုံ ရေနွေးကြမ်းသောက်ပါဦးဗျာ၊ ညကကိစ္စ ဦးကျော်သောင်း ပြောပြလို့ အကုန်သိပြီးပါပြီ"

"အကုန်သိပြီးပြီဆိုတာ ဘာများလဲ အဘရဲ့၊ အဘသိတဲ့အရာတွေက အမှန်တရားတွေလား၊ အထင်လွဲမှုတွေလား ဆိုတာ ကျွန်တော့်ကိုလည်း ပြောပြပါဦးဗျ"

သူ၏စကားကို မကျေနပ်သည့်ဟန်ဖြင့် ဦးကျော်သောင်းဝင်ပြောမည်အပြု ကိုသံချောင်းက လက်တို့ပြီး ဝင်မပြောရန် အချက်ပေးလိုက်သည်ကို သူသတိထားမိပါသည်။

"ဒါကတော့ ဒီလိုရှိပါတယ်ဆရာရယ်။ ဆရာ ကျောင်းအပေါ် စေတနာထားတာရော၊ ကလေးတွေအပေါ် စေတနာထားတာရော ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ ကလေးတွေဆိုတော့ တစ်ခါတလေ မှားတာရှိကြတယ်။ အဲဒီအမှားကို ဆရာ သိတဲ့အခါလည်းရှိမယ်၊ မသိတဲ့အခါလည်း ရှိမယ်၊ သိပြီးတော့ ပြီးစေ ငြိမ်းစေဆိုတဲ့ သဘောမျိုးနဲ့ ဖုံးကွယ်ပေးလိုက်တာမျိုး"

"ဒီမှာအဘ အဘပြောချင်တာက ကလေးနှစ်ယောက် ခိုးလာတာကို ကျွန်တော်က ကြည်ကြည်ဖြူဖြူနဲ့ လက်ခံတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးလား။ ကျွန်တော် ဘယ်တော့မှ အဲဒီလိုလုပ်မှာမဟုတ်သလို အခုကိစ္စမှာလည်း ကျွန်တော့်ကလေးတွေ မခိုးဘူးဆိုတာ ကျွန်တော်ယုံတယ်"

"ဒါဆို ကျောင်းဆရာအိမ်ပေါ် ရောက်နေတဲ့ငါးကြီးကရော ပြောစမ်းပါဦး။ နောက်ပြီး ညက ငါးလာခိုးတဲ့ကလေး နှစ်ယောက် ကျောင်းဝင်းထဲကိုဝင်သွားတာတွေ့တယ်တဲ့ ဝန်ခံလိုက်ပါ ကျောင်းဆရာရယ်"

ဦးကျော်သောင်း၏ စကားကြောင့် သူဒေါသထွက်သွားပေမယ့် မျိုသိပ်ထားလိုက်သည်။ ဦးကျော်သောင်း၏ အောင်ပွဲခံနေသည့်အပြုံးများက စက်ဆုပ်ဖွယ်ကောင်းလှသောကြောင့် သူ မကြည့်ဖြစ်အောင်နေလိုက်သည်။

"ကဲ ကျွန်တော်ကတော့ ဘာမျှ မပြောလိုဘူး။ ကျွန်တော့်ကလေးနှစ်ယောက် မခိုးဘူးဆိုတဲ့စကားပဲ ပြန်ပြောရလိမ့်မယ်၊ ကျန်တဲ့ကိစ္စတွေတော့ ကျွန်တော်လည်းမသိဘူး"

"ကဲ ဒါဆိုရင်လည်း ရှင်းတာပဲဗျာ၊ ကဲ ကိုသံချောင်း ကျောင်းကသူခိုးနှစ်ကောင်ကိုသွားခေါ်ဗျာ၊ ဒီမှာ ဝန်ခံလာအောင် မေးကြတာပေါ့"

"ဆရာ ဆရာ ဆရာ"

ဦးကျော်သောင်း၏ စကားမဆုံးခင်မှာပင် ပြည့်ဖြိုးဝေနှင့် သူရအောင် နှစ်ယောက်သားသည် ဆရာဟူ၍ခေါ်ရင်း အိမ်ပေါ်သို့ ရောက်လာခဲ့ကြသည့်အတွက် အံ့အားသင့်ခဲ့ရသည်။ အားလုံး၏မျက်ဝန်းအစုံသည် ကလေးနှစ်ယောက်ဆီသို့ ရောက်ရှိသွားကြတော့သည်။

(၄)

"သူရအောင်နဲ့ ပြည့်ဖြိုးဝေ ဘာလာလုပ်တာလဲ"

"နောက်ဖေးမှာ ဒီလက်ပတ်လေး တွေ့လို့ပါဆရာ"

သူရအောင်သည် ပြောရင်းနှင့်ပင် သူ၏လက်ထဲသို့ လက်ပတ်လေးတစ်ခု ထည့်ပေးလိုက်သည်။ သူ လက်ပတ်လေးကို သေချာကြည့်နေစဉ်မှာပင် ဦးကျော်သောင်းက အထိတ်တလန့်နဲ့ ဝင်ပြောတော့သည်။

"ဟာ ဒါ ကျုပ်သား အောင်ခန့်သူ လက်ပတ်၊ ဒါဒါ မင်းတို့ဘယ်ကယူလာတာလဲ၊ ခိုးလာပြန်ပြီလား ငါ့သားဆီက"

"ကဲ ကိုကျော်သောင်း စိတ်လျှော့ပါဗျ ကလေးတွေပြောတာ သေချာနားထောင်ပါဦး"

ရွာလူကြီးအဘ ဝင်ပြောမှပင် ဦးကျော်သောင်း ငြိမ်သွားတော့သည်။ သူလည်းကလေးတွေကိုတစ်လက်စတည်း သိလိုသည်ကို မေးလိုက်သည်။

"ကဲ မင်းတို့ ဒီလက်ပတ်ကို ဘယ်က ရတာလဲသေချာပြော"

"ဟုတ်သားနဲ့ သူရအောင် နောက်ဖေးမှာ ပန်းကန်ဆေးဖို့လုပ်နေတုန်း ကောက်ရတာပါ။ အောင်ခန့်သူ လက်ပတ်မှန်းသိလို့ သားတို့ သူ့ကို သွားပေးမလို့လုပ်တုန်း လမ်းမှာ ဇော်ထက်မောင်နဲ့တွေ့လို့ ဒီကို အရင်လာတာပါ"

"ဟုတ်တယ်ဆရာ ညက ငါးကန်က ငါးခိုးတာ အောင်ခန့်သူပါဆရာ"

"ဘာကွ ငါ့သားက သူ့ကန်ကငါး သူပြန်ခိုးမလားကွ၊ မင်းတို့ ကလိမ်ကကျစ်လာပြောနေတယ်၊ ငါထလုပ်လိုက်ရ"

ဒေါသတကြီးဖြစ်နေသော ဦးကျော်သောင်းကို ကိုသံချောင်း အချိန်မီဆွဲလိုက်သည်။ ထိုစဉ်မှာပင် သူ၏အတန်းမှ ငါးတန်းကျောင်းသားဇော်ထက်မောင်နှင့် ဦးကျော်သောင်း၏သားဖြစ်သူ လေးတန်းကျောင်းသား အောင်ခန့်သူတို့ ရောက်လာတော့သည်။ ကလေးများ၏မျက်ဝန်းများသည် တစ်ခုခုကိုထိတ်လန့်ပြီး ကြောက်ရွံ့နေမှန်း သိသည်။ ထို့ကြောင့်ပင် သူဝင်ပြောလိုက်တော့သည်။

"ကဲ သားတို့ ဘာမှမကြောက်နဲ့ အမှန်ကိုပြောဖို့အတွက် ဘာမှကြောက်စရာ မလိုဘူး၊ အမှန်ကိုပြောရဲတာ ဆရာလည်း သဘောကျတယ်"

"ဟုတ် ဟုတ် သားနဲ့အောင်ခန့်သူ မနေ့က ကျောင်းကအပြန် ရွာထဲ ဒိုးပစ်တော့ အောင်ခန့်သူကရှုံးတယ်၊ ပြီးတော့ သားကိုလည်းပေးရမယ့် ဒိုးအကြွေးတွေ အများကြီးပဲ၊ အဲဒါကြောင့် သားက သူ့ကို ဒိုးမယူတော့ဘူး၊ ငါးတစ်ကောင်လောက်ပေး၊ မီးဖုတ်စားချင်လို့လို့ပြောလိုက်ပါတယ်။ အဲဒါနဲ့အောင်ခန့်သူက ညကျတိတ်တိတ်လေးလာခဲ့ သူ့အဖေမသိအောင် ယူပေးမယ်ဆိုလို့ သားကသွားခဲ့တာပါ"

"ဆက်ပြောစမ်းပါဦးကွာ"

သူ၏အမေးကို ဇော်ထက်မောင်က ဆက်မဖြေသေးဘဲ အောင်ခန့်သူကိုကြည့်လိုက်သည်။ အောင်ခန့်သူက တံတွေးတစ်ချက်ကို မျိုချလိုက်ပြီး ဖြစ်စဉ်ကို ဆက်ပြောတော့သည်။

"သူပြောတာမှန်ပါတယ်၊ သားက သူ့ကို ငါးပေးနေတုန်း အိမ်ထဲက ဓာတ်မီးထိုးတာတွေ့တော့ ထွက်ပြေးလိုက်ကြတယ်။ နောက်ကလည်း လိုက်လာတာတွေ့တော့ ကျောင်းနားအရောက် ကျောင်းထဲဝင်ပြေးရင်း ဆရာ့အိမ်အနောက်တံခါးဖွင့်ထားတော့ ဝင်ပြေးပြီး ကြောက်ကြောက်နဲ့ ငါးကိုထားခဲ့တာပါ။ လက်ပတ်ကလည်း အဲဒီမှာကျကျန်ခဲ့တာပါ။ ဆရာတို့ကို ဒုက္ခရောက်လိုစိတ်မရှိပါဘူး၊ ငါးကိုထားခဲ့ပြီးတာနဲ့ သားတို့နှစ်ယောက် လမ်းခွဲပြီး အိမ်ကိုတိတ်တိတ်လေးပြန်ခဲ့တာပါ"

"ဟုတ်ပါတယ်ဆရာ၊ အခုဆရာတို့ အထင်လွဲခံနေရတယ်ဆိုလို့ သားတို့ တိုင်ပင်ပြီး ဝန်ခံကြမယ်ဆိုပြီး အမြန်လာကြတာပါ၊ သားတို့ ဆရာ့ကို တောင်းပန်ပါတယ်"

"ကဲ ကိုကျော်သောင်း အခုတော့ရှင်းပြီမဟုတ်လား။ ကျုပ်ပြောပါတယ်၊ သေချာတိကျအောင် အရင်လုပ်ပါဆိုတာ အခုတော့ ဆရာ့ကို အားနာစရာ"

ရွာလူကြီး၏ စကားမဆုံးခင်မှာပင် ဦးကျော်သောင်းသည် မျက်နှာပျက်လျက် သူ့သားအောင်ခန့်သူ၏ လက်ကိုဆွဲကာ အိမ်ပေါ်မှဆင်းသွားတော့သည်။ မည်သို့ပင်ဆိုစေ အမှန်တရားသည် တစ်ခါတစ်ရံ အမှားအဖြစ် ထင်ယောင်ထင်မှားဖြစ်စေသော်လည်း ပျောက်ကွယ်ရိုးမရှိသည့် အမှန်တရားသည် ပေါ်လာစမြဲပင် ဖြစ်သည်။

ဦးကျော်သောင်း၏ သားဖြစ်သူသည် ဆရာ့အပေါ်စိုးရိမ်စိတ်ကြီးစွာ အမှန်ကို ဝန်ခံသွားပေမယ့် ဦးကျော်သောင်းကတော့ သူ၏အမှားအတွက် ရှက်ရှက်ဖြင့် ဝန်မခံဘဲ အားလုံးကို ကျောခိုင်းထွက်သွားခဲ့သည်။ သို့သော်လည်း အမှန်တရားကို သိသွားသည့်အတွက် သူ၏စေတနာများကို ဦးကျော်သောင်း တစ်နေ့မဟုတ် တစ်နေ့တော့ နားလည်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ထို့နောက် သူလည်း ရွာလူကြီးကို နှုတ်ဆက်ကာ တပည့်နှစ်ယောက်၏ လက်ကိုဆွဲလျက် အမှန်တရားများ အပြည့်ဖြင့် ပြန်ခဲ့ပါတော့သည်။ ။

## စာပေမြင့်မှ လူမျိုးတင့်

❂ အသက်ငယ်ငယ် နုနယ်သေး
မောင်မယ်လေးများ သိမှတ်ရာ။
စာပေကို ချစ်မြတ်နိုးလို့
ဖတ်မှတ်ကြပါ။
အချိန်ရှိခိုက် လုံ့လစိုက်စွာ
ဇွဲမာန်မခွာ ဝီရိယထား။
ပညာသည် ရတနာအစစ်မို့
ဖွင့်လှစ်ကြိုးစား။
❂ အများအမှန် ကောင်း၊ ဆိုးတရား
ဗဟုသုတများ ပြည့်ဝဖွယ်။
စာပေကို နေ့စဉ်ဖတ်လို့
မှတ်သားကြမယ်။
တိုးတက်မှု လမ်းစဉ်ရှယ်
အသုံးချကွယ် လက်တွေ့ဘဝ။
ပျင်းရိစိတ်ဖယ် အစဉ်ဆည်းပူးပါမှ
ကျိုးထူးပေစွ။
❂ ကမ္ဘာ့အလယ် စာပေမြင့်က
လူမျိုးတင့် ဂုဏ်ထည်မည်။
ကိုယ့်နိုင်ငံ ကိုယ့်သမိုင်း
မရိုင်းလေပြီ။
ရွှေရောင်ထွန်းတောက် အနာဂတ်ဆီ
မှန်းရွယ်ရည် ဆောင်ရွက်မနေ့။
နေ့ရက်အစဉ် မပြတ်လပ်အောင်ဖြင့်
စာဖတ်လို့ပေး။ ။

မောင်ချမ်းမြေ့ (ပညာရေး)

## ပွားများမေတ္တာ အကြင်နာ

❖ အကြင်နာ မေတ္တာပွားလို့
သစ္စာတရား စောင့်ထိန်းပါ။
လူတိုင်းပေါ် စာနာစိတ်
လှုံ့ဖိတ်စဉ်သာ။
မုဒိတာစိတ် ရင်တွင်းမှာ
စိုက်ထူကာ ရှေ့သို့ဆက်။
ဘဝကို တန်ဖိုးထားကွယ်
လှုပ်ရှားသွက်လက်။
❖ အမုန်းတွေ ရင်မှာမဖက်နဲ့
အကြင်နာလက် ပေးကမ်းလေ။
အားနည်းသူကို ဖေးကူမ
လမ်းပြစဉ်ပေ။
စိတ်ထားလေး လှပါစေ
ဘဝအခြေ မြင့်မားရေး။
စေတနာ ဖြူစင်နှလုံးကို
ကျင့်သုံးစေလေး။
❖ ကောင်းမှုတွေ စိတ်မှာတွေးလို့
ပြုလုပ်မနေး ထာဝစဉ်။
မကောင်းမှုကို ဘယ်မှာ
ဖယ်ရှားရှောင်ကြဉ်။
ကိုယ့်တန်ဖိုး ကိုယ်မြင့်တင်
လူ့ဘဝတွင် နေထိုင်သွား။
တန်ဖိုးဝင် လူသားအဖြစ်ကို
ထုဆစ်လှုပ်ရှား။ ။

ရဲသွေးနီ (တက်ဝန်)

ဆောင်းပါး

# ရွှေကရင်တို့ဌာနေ ဖွဲ့ကပင်မြေ

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး မြို့နယ်ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ နှစ်စဉ် နိုဝင်ဘာ ၇ ရက်သည် ကရင်ပြည်နယ်နေ့ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်။

ကရင်ပြည်နယ်သည် သဘာဝတောတောင် ရေမြေသဘာဝတို့ ပေါကြွယ်ဝပြီး အလွန်တရာ လှပသောရှုမျှော်ခင်းများကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခုလည်းဖြစ်သည်။

ချစ်စရာကောင်းသော ဓလေ့များနှင့် ပျော်ရွှင်စရာကောင်းသော ဤပြည်နယ်တွင် သဘာဝတောတောင် အလှအပရှုမျှော်ခင်းများ၊ စိမ့်စမ်းရေတံခွန်ကြီးများ၊ ဇီဝမျိုးကွဲပေါင်းစုံနှင့် ရေပြာအိုင်တို့ တည်ရှိကာ ပေပေါင်း ၂၇၃၄ ပေ မြင့်သော ဖွဲ့ကပင်တောင်ကြီးသည် ကရင်ပြည်နယ်၏ အမှတ်သညာဖြစ်၍ သဘာဝ၏ အလှပဆုံးလက်ဆောင်လည်းဖြစ်သည်။ ကျောက်စိုင်ကျောက်သား ခိုင်မာခြင်းက ကရင်လူမျိုးတို့၏ဇွဲ၊ စိတ်ဓာတ်ခိုင်မာခြင်းနှင့် ရဲရင့်ပြောင်မြောက်သည့် သူရသတ္တိရှိခြင်း၊ သစ္စာတရား ခိုင်မာခြင်း ပြယုဂ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲခြင်းကို ဥပမာပေး ပြသထားခဲ့သည်။

ကရင်ပြည်နယ်တွင် သဘာဝရေးဟောင်း ဂူဘုရားများ မြောက်မြားစွာတည်ရှိပြီး သမိုင်းရာဇဝင်များမှလည်း လွန်စွာစိတ်ဝင်စားဖွယ် ကောင်းလှသည်။ ဖွဲ့ကပင်တောင်တော် ကျောက်ချပ်ကြီးတစ်ခုတွင် ကရင်မောင်နှမရုပ်ပုံလွှာ ရေးရေးထင်ပေါ်နေခြင်းက အလွန်ထူးခြားအံ့ဖွယ်ဆောင်နေပြီး အဝေးမှပင် လှမ်းမြင်တွေ့နိုင်သည်။ ကရင့်ရာဇဝင်ထဲမှ ကရင်မောင်နှမ၏ ကြေကွဲဖွယ်ဇာတ်လမ်းပုံပြင်လေးကလည်း လွန်စွာကရုဏာသက်ဖွယ်ဖြစ်လေသည်။ ဖခင်ဆုံးပါးသွားပြီး ပထွေး၏ ညှဉ်းပန်းနှိပ်စက်မှုမှ ဘရသေ့၏ ကူညီစောင်မမှု၊ ထိုမှတစ်ဖန် လောကဒဏ်အဖုံဖုံရင်ဆိုင်ပြီး မောင်နှမနှစ်ယောက် မီးပုံအတွင်း သက်ဆင်းကာ ဖွဲ့ကပင်တောင်တော်ကြီးအား စောင့်ရှောက်နေဟန် ရာဇဝင်သမိုင်းကလည်း လွန်စွာမှ စိတ်ဝင်စားဖွယ်၊ ကရုဏာသက်ဖွယ် ကောင်းလေသည်။

ကရင်ပြည်နယ်၏မြို့တော် ဘားအံအနီးတစ်ဝိုက်တွင် ဖွဲ့ကပင်ဆံတော်ရှင်ဘုရား၊ တောင်ကလေးအေးရိပ်သာစေတီ၊ ကြောင်ကမ်လာဘ်ဘုရား၊ သာမညမြတ်စောညီနောင်ဘုရား၊ လွန်းညစေတီ၊ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဂူစသည့် ဘုရားဂူကျောင်း စေတီပုထိုးများ မြောက်မြားစွာ တည်ရှိပြီး ရှည်လျားသောသမိုင်းကြောင်းနှင့် ရှုမငြီးသော လွမ်းမောဖွယ် ဖြစ်ရပ်ကလေးများလည်း တစ်ပါတည်း တည်ရှိလှသည်။

ထို့အပြင် ရင်သပ်ရှုမောဖွယ်မြင်ကွင်းများကို အံ့မခန်းတွေ့မြင်နိုင်သည့် တောင်ဝိုင်းစေတီ၊ တိမ်စိုင်တိမ်သားတို့ ရစ်ဝိုင်းပြီး သာမောဖွယ်ပန်းချီကားတစ်ချပ်ပမာ ဖူးမြော်တွေ့မြင်နိုင်မည့် မြဝတီဒေါနတောင်တန်းပေါ်က တန်ခိုးကြီးဆံတော်ရှင်မုလအိစေတီသည် လွန်စွာသပ္ပာယ်စရာကောင်းလှသည်။ ထို့အပြင် သံတောင်ကြီးမြို့နယ်မှ နော်ဘူဘောတောင်ကြီးကိုလည်း အာရှသားတို့ အလွန်စိတ်ဝင်စားလှသည်။ ကြာအင်းတောင်နှင့် ဖားပုတောင်တို့လည်း တက်ရောက်လေ့လာဖူးမြော်နိုင်သေးသည်။

ကရင်ပြည်နယ်တွင် အလွန်ထင်ရှားသည့် ကျုံထော်ရေတံခွန်ကြီးလည်း တည်ရှိသေးသည်။ နှစ်စဉ်နှစ်တိုင်း ညော့ပရိသတ်များဖြင့် အခါမရွေး စည်ကားလျက်ရှိပြီး အလွန်လှပသည့် သဘာဝလက်ဆောင်မွန် ရေတံခွန်ကြီးဖြစ်သည်။ ကျုံထော်ရေတံခွန်အပြင် ဖွဲ့ကပင်ရေတံခွန်၊ ပရေကြေတိုရေတံခွန်နှင့် အခြားရေတံခွန်များလည်း တည်ရှိသေးသည်။

ကရင်လူမျိုးတို့သည် အလွန်ယဉ်ကျေးသိမ်မွေ့ကြပြီး ညော့ဝတ်မကျေမည်ကို စိုးရိမ်အားနာတတ်ကြသူများဖြစ်သည်။ လက်အုပ်ချီနှုတ်ဆက်ကြပြီး ချိုသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်ကာ လူတကာကို တတ်နိုင်သမျှ အကူအညီပေးတတ်ကြသည်။ အချို့ဒေသများတွင် သားသတ်လွတ်စားသောက်ကြပြီး နေ့ကြီးရက်ကြီးများတွင် အလှူအတန်းများဖြင့် ပြည့်လျှံနေကာ လူငယ်လူရွယ်များက အစ ဥပုသ်သီတင်းဆောက်တည်ကြသည်။

ကရင်လူမျိုးတို့သည် ရိုးသားကြိုးစားကြပြီး ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ငယ်စဉ်ကပင် ကရင်စာပေနှင့် ယဉ်ကျေးမှုတို့ကို သင်ယူလိုက်နာကြသည်။ နေ့ကြီးရက်ကြီးများတွင် စည်းစည်းလုံးလုံး တည်ရှိကြပြီး ရပ်ရေးရွာရေးများတွင်လည်း မခိုမကပ်လုပ်ကိုင်ကြသည်။ ကရင်နှစ်သစ်ကူးနေ့၊ ကရင်ပြည်နယ်နေ့၊ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာနေ့များတွင် ရိုးရာကရင်ဝတ်စုံများကို ဒီဇိုင်းကာလာမျိုးစုံဖြင့် အမြတ်တနိုး ဂုဏ်ယူဝတ်ဆင်တတ်ကြသည်။ ရိုးရာလက်ဗှေ့အားကစားနှင့် ဘောလုံးအားကစားတို့ကိုလည်း ပျော်ပွဲရွှင်ပွဲများ၊ အခမ်းအနားများတွင် ထည့်သွင်းယှဉ်ပြိုင်ကျင်းပကြပြီး ထိန်းသိမ်းတတ်ကြသည်။

ထို့ပြင် ရိုးရာယဉ်ကျေးမှု ဒုံးယိမ်းအကများနှင့် ဝါးညှပ်အကများကိုလည်း ထိန်းသိမ်းစောင့်ရှောက်တတ်ကြသည်။ နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် မီးပုံးပျံပွဲကို ဆင်ယင်ကျင်းပကြပြီး တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကို မီးလွှတ်ပူဇော်လေ့ရှိကြသည်။

ကြိုးပမ်းမှုကို အားပေးထောက်ခံကြိုဆိုခဲ့ကြသည်ဟု မှတ်သားလေ့လာခဲ့ကြရသည်။

ကရင်ပြည်နယ်တွင် ရိုးရာအစားအစာများ များစွာရှိသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များလည်း များစွာတည်ရှိလေသည်။ လေ့လာလည်ပတ်စရာနေရာများလည်း လွန်စွာပေါများလှ၏။

ဘားအံမြို့၏ဗုဒ္ဓဂယာသို့သွားရောက်လည်ပတ်ဖူးမြော်နိုင်ပြီး သားသတ်လွတ် ထမင်း၊ ဟင်းလျာတို့ကို ကိုယ်တိုင်ခူးခပ်စားသောက်နိုင်သည်။ ဟင်းသီးဟင်းရွက်ပေါများလှပြီး ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးကြသဖြင့် သန့်ရှင်းလတ်ဆတ်ကာ ချိုမြိန်ထူးကဲလှလေသည်။ တောတောင်ရေမြေသဘာဝ ဂေဟစနစ်မျှတသဖြင့် ရာသီဥတုမှာ မှန်ကန်အေးချမ်းလှသည်။

ညနေအချိန်တွင် ဘားအံမြို့၏ ဖွဲ့ကပင်ခန်းမအနီးမှ ကန်သာယာတံတား၌ အပန်းဖြေ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ပြီး ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်တို့ကို နောက်ခံထား၍ အလှဓာတ်ပုံရိုက်ကူးနိုင်ကာ တောင်စွယ်တောင်ကြားများမှ ဖော့ယမ်းတိုက်ခတ်လာသော လတ်ဆတ်သည့် လေနုလေသွေးတို့ကို တစ်ဝကြီးရှူသွင်းနိုင်သည်။

သာယာချမ်းမြေ့ဖွယ် ကောင်းလှသော ညနေဆည်းဆာအချိန်တွင် နေလုံးကြီး ကွယ်ပျောက်ပုံကို ကမ်းနားလမ်းမှလည်းကောင်း၊ ရွှေယဉ်မျှော်ပြည်တော်စေတီ၏ ဖားနဂါးရုံမှလည်းကောင်း မျက်စိပသာဒရှုမြင်နိုင်ပြီး ရွှေယဉ်မျှော်ပြည်တော်စေတီ၏ အောင်မြေတွင် အောင်မြေနင်း မီးပူဇော်နိုင်သေးသည်။

✳ ကရင်လူမျိုးတို့သည် အလွန်ယဉ်ကျေးသိမ်မွေ့ကြပြီး ညော့ဝတ်မကျေမည်ကို စိုးရိမ်အားနာတတ်ကြ

✳ လက်အုပ်ချီနှုတ်ဆက်ကြပြီး ချိုသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်ကာ လူတကာကို တတ်နိုင်သမျှ အကူအညီပေးတတ်ကြ

ကိုယ်ပိုင်ယဉ်ကျေးမှုတည်ရှိသော ကရင်လူမျိုးတို့တွင် ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးကြီးမားထည်ဝါခဲ့မှုကို ပြည်နယ်ယဉ်ကျေးမှုပြတိုက်တွင် တခမ်းတနားခင်းကျင်းဆင်ယင် ပြသထားသည်။ ဖားစည်၊ ကျွဲချို၊ စောင်းကောက်၊ အိုးစည်၊ ပလွေ၊ တယော၊ ဝါးပတ္တလား၊ ဖွန်ဒွာ၊ နှဲ၊ မောင်း၊ ဗျပ်စောင်းနှင့် စည်ဒို စသည့် တူရိယာတို့ကို သုံးစွဲခဲ့ကြပြီး အခြားယဉ်ကျေးမှုပစ္စည်းများကို ရှေးခေတ်လက်ရာမပျက် ခေတ်အဆက်ဆက် ယဉ်ကျေးမှုပစ္စည်းများဖြင့်ပြသထားပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမျိုးစုံကိုလည်း မှတ်တမ်းမှတ်ရာများဖြင့် ပြသထားသည်ကို အံ့သြဖွယ်တွေ့မြင်နိုင်လေသည်။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှုလည်း မြင့်တက်နေပြီး ခရီးသွားလုပ်ငန်းလည်း တိုးတက်အောင်မြင်ခဲ့သည်။ ဘားအံ၊ ကော့ကရိတ်၊ မြဝတီမှတစ်ဆင့် မဲဆောက်၊ ဗန်ကောက်သို့ ခရီးဆက်လက်သွားလာနိုင်သည့် အာရှလမ်းမကြီးလည်းတည်ရှိပြီး အသုံးပြုသွားလာနိုင်လေသည်။

ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းများနှင့် တိုင်းရင်းသား စကားသံဝဲဝဲလေးများ ပြောဆိုတတ်သော ပြည်နယ်၊ ရင်းနှီးဖော်ရွေသော ဒေသခံကရင်တိုင်းရင်းသားတို့ ပျော်မွေ့ရာ ကရင်ပြည်နယ်မှာ ကရင်ရိုးရာဟင်းလျာ တာလပေါဟင်းကို မြည်းစမ်းလို့ရပါသေးသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်က လွတ်လပ်ရေး မီးရှူးတန်ဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကရင်ပြည်နယ် ဘားအံမြို့သို့ စည်းရုံးရေးလှည့်လည်ရင်း ရောက်ရှိလာပြီး ကျောက်တိုင်ကွင်းတွင်ဟောပြောကာ ကရင်လူမျိုးတို့၏ ရိုးရာအစားအစာ တာလပေါဟင်းကို စားသုံးခဲ့ကြသည်ဟု မှတ်တမ်းအရသိရှိရပြီး ထိုစဉ်အခါက ဗိုလ်ချုပ်၏လွတ်လပ်ရေး

အချိန်ရရှိသေးပါက သေဠမာန်အောင်ဘုရားကြီးဝင်းသို့ ဝင်ရောက်ပူဇော်ပြီး အဓိဋ္ဌာန်ပြုဆုတောင်းနိုင်သည်။

ညပိုင်းတွင် ဘားအံမြို့၏ အထင်ကရ ပန်းခြံများသို့ သွားရောက်လည်ပတ်နိုင်ပြီး စိတ်လက်အပန်းဖြေနိုင်သည်။ သစ်ခွပန်းမျိုးစိတ်မျိုးကွဲများပေါင်းစုံဖြင့် အလှဆင်ထားပြီး ရက္ခဗေဒဥယျာဉ်ကြီးသဖွယ်တည်ရှိကာ အမှတ်တရ အလှဓာတ်ပုံများရိုက်ကူးရယူနိုင်ရန် စီစဉ်ထားရှိပေးထားသည်။

ထို့ပြင် ဘားအံမြို့ရှိ တစ်ခုတည်းသော တိရစ္ဆာန်ဥယျာဉ်သို့လည်း သွားရောက်လည်ပတ်၍ လေ့လာအပန်းဖြေနိုင်သေးသည်။

ကရင်ပြည်နယ်၏ ပညာ့အလင်း မီးရှူးတန်ဆောင်များဖြစ်သော ဘားအံတက္ကသိုလ်၊ ဘားအံနည်းပညာတက္ကသိုလ်၊ ဘားအံကွန်ပျူတာတက္ကသိုလ်၊ ဘားအံပညာရေးဒီဂရီကောလိပ်၊ နည်းပညာအထက်တန်းကျောင်း၊ လက်မှုရက်ကန်းကျောင်း၊ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်) ကျောင်း၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတို့မှ ကရင်ပြည်နယ်သူပြည်နယ်သားတို့ကို အတတ်ပညာများဖြန့်ဝေသင်ကြားပေးကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်တိုင်ဆောင်ကြဉ်းနိုင်စေကာ လက်တွေ့လည်း ကြိုးစားနေကြပြီ ဖြစ်လေသည်။

ကရင်ပြည်နယ်သို့ တစ်ခါတစ်ခေါက် ရောက်ရှိပါက မပြန်နိုင်အောင် ဆွဲဆောင်နိုင်သော တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများ၊ ညော့ဝတ်ပျူငှာယဉ်ကျေးသိမ်မွေ့သော၊ ညော့သည်ကို တန်ဖိုးထားမြတ်နိုးတတ်သော ကရင်လူမျိုးတို့၏ ရိုးသားဖြူစင်သော စိတ်ဓာတ်သည် အံ့မခန်းကိန်းဝပ်တည်ရှိလှပြီး မပြန်ချင်လှအောင် ဆွဲဆောင်နိုင်စွမ်းရှိလှသောကြောင့် ဖွဲ့ကပင်မြေသို့ အလည်တစ်ခေါက် အရောက်လာဖို့ ဖိတ်ခေါ်တင်ပြလိုက်ရပါသည်။ ။

☆ **မြန်မာ့လက်ရွေးစင်မှ**

